# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၆)၊ အမှတ် (၇၄)

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊ အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# ပြောင်းလဲတိုးတက်လာသော ယာဉ်သွားလာမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန် ရေဝတီတံတား(ရတနာပုံ) တည်ဆောက် တံတားတည်ဆောက်ရေးစီမံကိန်းတစ်ခုလုံး ၇၈ ရာခိုင်နှုန်း ပြီးစီးနေပြီ

**နေပြည်တော် ဒီဇင်ဘာ ၁၂**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီက ရေတံခွန်တောင်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံသို့ရောက်ရှိပြီး ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ●



## ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးနေမှု

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် ရေဝတီတံတား(ရတနာပုံ) တည်ဆောက်ပြီးစီးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



## ရေဝတီတံတား (ရတနာပုံ)

ရေဝတီတံတား(ရတနာပုံ)သည် မန္တလေးဘက် ခဝဲတောင်ဘက်ကမ်းနှင့် စစ်ကိုင်းဘက် တကောင်းရပ်ဘက်ကမ်း (လက်ရှိ အင်းဝတံတားအထက် ရေဆန် ဘက် ပေ ၂၀၀၀ အကွာ)တွင် တည်ရှိပြီး သံမဏိသံပေါင် ခုံးတံတားဖြစ်၊ အရှည် ၅၆၁၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၉ ပေ (လေးလမ်းသွား ကားလမ်း)၊ လူသွား လမ်းအကျယ်တစ်ဖက်လျှင် ခြောက်ပေစီ ရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ဖြစ်။

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန်လိုအပ်

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် အရည်အသွေးထက်မြက်မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည်။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း များကို နိုင်ငံတစ်ဝန်းတွင် ဖြန့်ကြက်ဖြည့်ဆည်းတည်ဆောက်ပေးနေခြင်းမှာ တစ်မျိုး သားလုံး ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်း လူတိုင်းကျန်းမာရေးအတွက် စီမံချက်များချမှတ်ကာ အကောင်အထည်ဖော် ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရန် ဆေးရုံအသစ်များ တိုးချဲ့တည်ဆောက်ပေးလျက် ရှိသကဲ့သို့ ဆေးရုံပေါင်းများစွာကိုလည်း အဆင့်မြှင့်တင်ပေးနိုင်ခဲ့သည်။

ထို့အပြင် ဆေးတက္ကသိုလ်၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ်စသည့် ကျန်းမာရေးဆိုင်ရာ တက္ကသိုလ်ပေါင်း ၁၆ ခုကို ဖွင့်လှစ်ကာ နိုင်ငံအနှံ့ ဆေးဘက်ဆိုင်ရာပညာရှင် မြောက်မြားစွာအား မွေးထုတ်ပေးခဲ့သည်။

ယင်းသို့ ဆေးဘက်ဆိုင်ရာ ပညာရှင်များကို တိုးတက်မွေးထုတ်ပေးနိုင်ခဲ့သည့်နည်းတူ ဆေးရုံအသစ်များတွင် လိုအပ်သည့် ဆရာဝန်၊ သူနာပြုနှင့် ကျန်းမာရေးဝန်ထမ်းများကို တိုးချဲ့ခန့်ထားပေးခဲ့ပြီး ဆေးနှင့်ဆေးပစ္စည်းကိရိယာများကိုလည်း ပိုမိုဖြည့်တင်းပေးခဲ့သည်။ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှု မြင့်မားလာသည်နှင့်အမျှ လူ့သက်တမ်းသည်လည်း တိုးမြင့်လာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်ရေးသည် အဓိကမဏ္ဍိုင်ဖြစ်ရာ နိုင်ငံတော်က ကြိုးပမ်းဖြည့်ဆည်းပေးမှုနှင့်အတူ တိုင်းရင်းသားပြည်သူများကလည်း ကျန်းမာရေးအသိဖြင့်နေထိုင်ကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် တတ်စွမ်းသမျှ ပါဝင်စွမ်းဆောင် ကြိုးပမ်းသွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကြက်ဆုတ်ခွပ်ပစ် ပြောနည်း

(စကားကြီး ၁၀ မျိုးမှ)

တိုက်ကြက်တို့၏သဘောသည် ခွပ်မည်ပြုသောအခါ နောက်သို့ ဆုတ်ဟန်ပြု၍ တကယ်ခွပ်သောအခါမှသာ အားမာန်အပြည့်ဖြင့် စီး၍ခွပ်သကဲ့သို့ စကားအရာတွင်လည်း တစ်ဖက်လူ၏ အလိုကို လိုက်တန်သရွေ့ လိုက်၍ပြောဆိုပြီးလျှင် မိမိဘက်က အသာစီးရသည့်အခါမှသာ အထက်စီးဖြင့် ပိုင်ပိုင်နိုင်နိုင် ပြောဆိုသောစကားသည် **"ကြက်ဆုတ်ခွပ်ပစ် ပြောနည်း"** ဟု ဆိုစမှတ်ပြုကြပါသည်။

ကြက်ဆုတ်ခွပ်ပစ်ပြောနည်းကို ထင်ရှားအောင် ဥပမာသာဓကဖြင့် ပြောဆိုရပါလျှင် တစ်ချိန်တစ်ခါက အိမ်နီးနားချင်းနိုင်ငံမှ တိုင်းတစ်ပါးသား သံအမတ်နှင့် အင်းဝနေပြည်တော်ရှိ ပညာရှိအမတ် ဦးပေါ်ဦးတို့ စကားစစ်ထိုး ပြောဆိုခဲ့ကြပြီးနောက် နှစ်နိုင်ငံပြည်ရွာတို့ သာယာဝပြောကြကြောင်း မြန်မာပြည်တွင် ၁၂လရာသီအလိုက် ပွဲတော်များကျင်းပကာ စည်ကားသိုက်မြိုက်လျက်ရှိကြောင်း အမတ်ကြီးဦးပေါ်ဦးက မြန်မာပြည်၏ ဖွံ့ဖြိုးတိုးတက်သာယာပုံကို ချီးမွမ်းခန်းဖွင့် ပြောဆိုခဲ့ပါသည်။

ထိုသို့ ဦးပေါ်ဦးပြောသောစကားကို အိမ်နီးနားချင်းနိုင်ငံမှ တိုင်းတစ်ပါးသား သံအမတ်က ပြန်လည်ပြောကြားရာတွင် မြန်မာပြည်၌ ပွဲလမ်းသဘင်သည်သာ စည်ကားသည်မဟုတ်ပါ။ ကျွန်ုပ်တို့ သံအဖွဲ့ အင်းဝနေပြည်တော်သို့ လာရောက်ရာတွင် လမ်းတစ်လျှောက်၌ လူကြီး၊ လူငယ်၊ လူလတ်မရွေး တအံ့တသြ ရင်သပ်ရှုမော ကောင်းချီးသြဘာပေးကြည့်ရှုကြပါသည်ဟု တိုင်းတစ်ပါးသားသံအမတ်က ဝင့်ကြွားစွာ ပြောဆို လိုက်ပါသည်။

အိမ်နီးနားချင်းနိုင်ငံမှ တိုင်းတစ်ပါးသား သံအမတ်၏ ဝင့်ကြွားသောထိုးနှက်ချက်စကားရပ်ကို ပညာရှိအမတ်ကြီးဦးပေါ်ဦးက တန်ပြန်ချေဖျက်ပြောဆိုခဲ့သည်မှာ ကျွန်ုပ်တို့ အင်းဝနေပြည်တော်တွင် ဘုရင့်စွယ်စုံဆင်ကို ကကြိုးတန်ဆာများဆင်၍ တစ်နေ့သုံးကြိမ်ရေချရေချိုးဆင်းသော်လည်း မည်သူတစ်ဦး တစ်ယောက်မျှ လာရောက်ကြည့်ရှုခဲ့ခြင်းမရှိပါ။ သို့သော် အခါတစ်ပါး သစ်ဆွဲဆင်၊ တောဆင်ရိုင်းတစ်ကောင် မြို့ပေါ်ရောက်လာသည့်အခါတွင် လူကြီး၊ လူငယ်၊ လူရွယ်မကျန် အားလုံးထွက်၍ အထူးအဆန်းသဖွယ် ကြည့်ရှုကြပါသည်ဟု ပြောဆိုလိုက်ရာ တိုင်းတစ်ပါးသား သံအမတ်သည် မည်သို့မျှ ချေပပြောဆိုနိုင်ခြင်းမရှိဘဲ ငြိမ်သက်သွားခဲ့ပါသည်။

ဤကဲ့သို့ တစ်ဖက်သားအား လိုက်လျောသလို နောက်ဆုတ်ပြီး ပိုင်နိုင်သည့်အခါမှ ရှေ့ထွက်ထိုးနှက်ပြောဆိုခြင်းကို **"ကြက်ဆုတ်ခွပ်ပစ်ပြောနည်း"** ဟု ဆိုစကားရှိကြပါသည်။

(သာသနာရေး)



**ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်(၃၄)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို စေတီတော်ရင်ပြင်တွင်ကျင်းပရာ ရောဝတီရေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ် ဝင်းရှိန်နှင့် ဇနီးတို့က ဆရာတော်ကြီးများအား ဆွမ်းဆန်စိမ်း လောင်းလှူစဉ်။**

(မြန်မာ့အလင်း)

## ရေနံချောင်း ဒေသကောလိပ် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

၁၉၇၇ခုနှစ်မှ ၁၉၈၂ခုနှစ်အထိ ရေနံချောင်းဒေသကောလိပ် ကျောင်းသားကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်အာစရိယပူဇော်ပွဲကို တက္ကသိုလ်များဓမ္မာရုံ (ရန်ကုန်)တွင် ဇန်နဝါရီ၂၁ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ရန်ကုန်မြို့တွင် ဦးမြင့်ဌေး ဖုန်း–၀၉–၅၁၄၃၆၁၄၊ ဒေါ်မြင့်မြင့်ဌေး ဖုန်း–၀၉–၅၁၅၀၅၆၉၊ ဒေါ်ချိုမော်ဟန် ဖုန်း–၀၉–၉၈၂၅၂၀၀၊ မန္တလေးမြို့တွင် ဒေါ်စိုးလတ်သင်း ဖုန်း–၀၂–၆၂၈၀၃၊ ဒေါ်ခင်ငြိမ်းဆွေ ဖုန်း–၀၂–၆၂၈၀၃၊ မကွေးမြို့တွင် ဦးလင်းမင်းဌေး ဖုန်း–၀၆၃–၂၂၅၀၀၊ ဦးကျော်ဌေး ဖုန်း–၀၆၃–၂၂၃၄၁၊ ရေနံချောင်းမြို့တွင် ဦးမောင်မောင်စိုး ဖုန်း–၀၆၀–၂၁၃၁၇၊ ဒေါ်ခင်နှင်းယု ဖုန်း–၀၆၀–၂၁၁၄၉၊ ချောက်၊ စလေ၊ ဝါခီ၊ ကျွန်းချောင်းမြို့တွင် ဒေါ်ဝါဝါရွှေ ဖုန်း–၀၉–၅၁၁၂၆၇၆၊ တောင်တွင်းကြီးမြို့တွင် ဒေါ်ခင်အုန်းသန်း ဖုန်း–၀၆၃–၅၀၀၁၅(ရုံး)၊ အောင်လံမြို့တွင် ဦးခင်မောင်ဝင်း ဖုန်း–၀၆၉–၂၁၆၃၃၊ ပွင့်ဖြူ၊ စလင်း၊ ဆင်ဖြူကျွန်းမြို့တွင် ဒေါက်တာချစ်ကိုကို ဖုန်း–၀၆၃–၆၀၀၅၆၊ မင်းဘူး၊ စကု၊ မင်းလှမြို့၌ ဒေါ်ဆွေဆွေလင်း ဖုန်း–၀၆၃–၆၀၂၀၅ တို့သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

## မှူးယစ်ကင်းစင် အလှဆင်

## ရန်ကုန် စက်မှုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန် စက်မှုတက္ကသိုလ် ၁၉၈၃ ခုနှစ်ကျောင်းဆင်း မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၃ရက် (စနေနေ့) ညနေ ၅နာရီတွင် ကရဝိက်နန်းတော်ဥတ္တရခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ် သိရှိလိုပါက ဦးမောင်ငွေ ဖုန်း–၀၉–၅၁–၃၇၈၃၈၊ ဒေါ်မူမူမြင့် ဖုန်း–၀၉–၅၁–၅၂၈၉၂၊ ဦးမောင်မောင်တင် ဖုန်း–၀၉–၅၀–၀၁၈၇၈၊ ဦးစောသိန်း ဖုန်း– ၀၉–၉၉– ၂၈၇၆၈ တို့သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။ (က–ပ)

## မြဝတီရုပ်မြင်သံကြား

**၁၃–၁၂–၂၀၀၆**

**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၃၅ | ၁၄။ | လှုပ်လှုပ်ရှားရှား ပုံရိပ်များ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၁၀) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၆) |





**တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

❒ **ကျောဖုံးမှ**

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက်၉နာရီက ပြည်ထောင်စုခန်းမ၌ ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ကရင်ပြည်နယ်မှဦးမန်းအုံးမောင်၊ ကယားပြည်နယ်မှ ဦးကျော်ဒင်(ခေါ်)ဦးထေးရယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒူးဝါးဇုတ်ခေါင်နှင့် ရခိုင်ပြည်နယ်မှ ဦးအောင်ဇံဝေတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူးဦးတင်မောင်ဦးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူးဦးရဲလွင်ကလည်းကောင်း ဆောင်ရွက်ကြသည်။






**အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၅)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်း(တောင်တွင်းဘိုသိန်း) အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့အစည်းအဝေးသို့တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၇၃ ဒသမ ၆၄ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ် သင့်သည့် အသေးစိတ်






**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျ သဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင် အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

အခြေခံရမည့် မူများချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ တင်သွင်းမည့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်မှ ဦးဆိုင်ပေါင်းနပ်၊ မကွေးတိုင်းမှ ဦးမျိုးတင့်၊ ကချင်ပြည်နယ်မှ ဦးဘီတောဇောင်းနှင့် ရခိုင်ပြည်နယ်မှ ဦးလှထွန်းကျော်တို့က အခန်းကဏ္ဍအလိုက် ဖတ်ကြားတင်ပြကြသည်။

ထို့နောက်အလှည့်ကျသဘာပတိ တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့**

အလားတူ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၅)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရန်ကုန်တိုင်း အလုံမြို့နယ်မှ ဒေါက်တာမျိုးသန့်တင်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)ပန်းတောင်းမြို့နယ်မှ ဦးကျော်မျိုးဝင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၁ ဒသမ ၄၉ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

**အဖွင့်အမှာစကားပြော**

ထို့နောက် အလှည့်ကျသဘာပတိ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်မှ ဦးဘိုသိန်း (တောင်တွင်းဘိုသိန်း)က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမျိုးသားညီလာခံ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ ဦးသင်းကြူက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းကိုလည်းကောင်း၊ ဧရာဝတီတိုင်း ကြံခင်းမြို့နယ်မှဦးအုန်းဝင်းက နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းကိုလည်းကောင်း၊ မကွေးတိုင်း မင်းလှမြို့နယ်မှ ဦးမောင်မောင်က ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းကိုလည်းကောင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်မြို့နယ်မှ ဦးတင်စိန်နှင့် မွန်ပြည်နယ်မော်လမြိုင်မြို့နယ်မှ ဦးဉာဏ်ဦးတို့က အထွေထွေပြဋ္ဌာန်းချက်များအခန်းကိုလည်းကောင်း ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းမည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားဆွေးနွေး တင်ပြကြသည်။

ထို့နောက် အလှည့်ကျသဘာပတိက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်သွင်းမည့် အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားကို ရယူ၍ အတည်ပြုကြောင်း ကြေညာပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့**

ထို့အတူ အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို နံနက် ၉နာရီတွင် ဆွေးနွေးပွဲခန်းမ(၇)၌ကျင်းပရာ အလှည့်ကျ သဘာပတိအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးတင်ခနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒေါက်တာမြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူး အဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းကလည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက ယနေ့ကျင်းပသည့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အစည်းအဝေးသို့ တက်ရောက်သည့် ကိုယ်စားလှယ်သည် ရာခိုင်နှုန်းအားဖြင့် ၉၃ ဒသမ ၅၂ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အလှည့်ကျသဘာပတိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ဦးလှတင်က အဖွင့်အမှာစကား ပြောကြားသည်။

**အကြံပြုချက်စာတမ်းဖတ်ကြား**

ဆက်လက်၍ အမျိုးသားညီလာခံ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ညီလာခံကိုယ်စားလှယ်များဖြစ်ကြသော အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒေါ်သန်းမြိုင်က နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်းနှင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်းတို့ကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးမောင်မောင်သန်းက ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းကို လည်းကောင်း၊ ရှေ့နေချုပ်ရုံးမှ ဦးသန်းထွန်းက အထွေထွေပြဋ္ဌာန်းချက်များ အခန်းကိုလည်းကောင်း အကြံပြုချက်စာတမ်းကို အခန်းအလိုက် ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ယင်းအကြံပြုချက်စာတမ်းကို ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုကြပြီး အလှည့်ကျသဘာပတိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်က နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ငါးပြတိုက်တွင် ရေငုပ်ဝတ်စုံဝတ်ဆင်လျက် ငါးများအား အစာကျွေးနေသူတစ်ဦးကို ဒီဇင်ဘာ ၁၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

# မိုဘိုင်းလ်ဖုန်းဂိမ်း ဖွံ့ဖြိုးရေးအစီအစဉ် စင်ကာပူတွင်စတင်

စင်ကာပူ ဒီဇင်ဘာ ၁၂

**စင်ကာပူအစိုးရသည် မိုဘိုင်းလ်ဖုန်းဂိမ်း ဖွံ့ဖြိုးရေးအထောက်အပံ့ အစီအစဉ်သစ်တစ်ရပ်ကို စတင်ဆောင်ရွက်လျက်ရှိသည်။**

စင်ကာပူအစိုးရ အေဂျင်စီ တစ်ခုဖြစ်သည့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင် (အမ်ဒီအေ) အနေဖြင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်း အားထုတ်မှု တစ်ရပ်ဖြစ်ကြောင်း၊ မိုဘိုင်းလ်ဖုန်းဂိမ်း တီထွင်ထုတ်လုပ်သူများအတွက် ရန်ပုံငွေများသတ်မှတ်ထားရှိကြောင်း နယူးအာရှသတင်းဌာနက ဒီဇင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

**ရွေးချယ်**

သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသည့် စင်ကာပူအခြေစိုက်အသင်းအဖွဲ့ (၁၀)သင်းအထိ ရွေးချယ်မည်ဖြစ်ပြီး တစ်သင်းလျှင် မိုဘိုင်းလ်ဖုန်းဂိမ်းပုံစံသစ်များ ထုတ်လုပ်ရန်အတွက် စင်ကာပူ ဒေါ်လာ၂၅၀၀၀ ကျော်(အမေရိကန်ဒေါ်လာ ၁၆၀၀၀ ကျော်) ပေးလိမ့်မည် ဖြစ်သည်။

မိုဘိုင်းလ်ဖုန်းဂိမ်း ဖွံ့ဖြိုးတိုးတက်ရေးနယ်ပယ်များတွင် အဆိုပါအဖွဲ့များ ပါဝင်လာနိုင်ရေးကို အားပေးသွားမည်ဖြစ်ပြီး ယင်းအဖွဲ့များအနေဖြင့်လည်း ပင်ကိုစွမ်းရည်နှင့် တီထွင်မှုများအား ပြသနိုင်မည်ဟု ၎င်းတို့ မျှော်လင့်ကြောင်း အမ်ဒီအေမှ ဒါရိုက်တာ စီတိုလော့ခ်ရင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်–ပါကစ္စတန် ပူးတွဲစစ်ရေးလေ့ကျင့်မည်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၂**

တရုတ်–ပါကစ္စတန် ၂၀၀၆ ခုနှစ် ချစ်ကြည်ရေး ပူးတွဲစစ်ရေးလေ့ကျင့်မှုတွင် ပါဝင်ဆင်နွှဲရန် တရုတ် ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (ပီအယ်အေ) မှ တပ်ဖွဲ့ဝင်များ အစ္စလမ္မာဘတ်မြို့သို့ ဒီဇင်ဘာ ၁၀ ရက်က ဆိုက်ရောက်လာသည်။

**ချစ်ကြည်ရင်းနှီး**

ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပါကစ္စတန်နိုင်ငံ၌ ဒီဇင်ဘာ ၁၁ရက်တွင် စတင်မည့် နှစ်ရက်ကြာ ပူးတွဲ စစ်ရေးလေ့ကျင့်မှုသည် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား လက်ရှိချစ်ကြည်ရင်းနှီးမှု နှောင်ကြိုးကို ပိုမိုခိုင်မာစေရန် ရည်ရွယ်သည်။

**စစ်ရေးလေ့ကျင့်**

ယခုနှစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုမှာ ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ် ပူးတွဲစစ်ရေးလေ့ကျင့်မှုကို တရုတ်နိုင်ငံ၌ ၂၀၀၄ ခုနှစ်က ပြုလုပ်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**




# တရုတ်နိုင်ငံထုတ်ကားများ ယခုနှစ်အတွင်း သုံးသန်းကျော်ရောင်းချခဲ့ရ

**ပေကျင်း ဒီဇင်ဘာ ၁၂**

တရုတ်နိုင်ငံ၏ ကားထုတ်လုပ် ရောင်းချမှုသည် ယခုနှစ်ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ကားစီးရေ သန်းပေါင်း ၃ ဒသမ ၄၁သန်းရှိကြောင်း၊ ယင်းမှာ နှစ်ချင်းအလိုက် ၄၀ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း တရုတ်ကားထုတ်လုပ်သူများအသင်း စာရင်းဇယားများအရ သိရသည်။

**ထုတ်ပြန်**

ထိုသို့ ကားများထုတ်လုပ်ရောင်းချရာတွင် ဂျက်တာအမှတ်တံဆိပ်မှာ ရေပန်းအစားဆုံး၊ လူကြိုက်အများဆုံးဖြစ်ပြီး ယင်းနောက်မှ ဆန်တာနာနှင့် အိတ်ဇယ်တို့သည် ဒုတိယနှင့် တတိယ လူကြိုက်အများဆုံးဖြစ်ကြောင်း အဆိုပါ မော်တော်ကားထုတ်လုပ်ရေးအသင်းမှ ဒီဇင်ဘာ ၅ ရက်က ထုတ်ပြန်ခဲ့သော စာရင်းဇယားများအရ သိရသည်။

**ရောင်းချ**

ထိပ်တန်းမော်ဒယ်ကား ၁၀ မျိုးကို နိုဝင်ဘာလတွင် ရောင်းချခဲ့ရာ စီးရေအားဖြင့် ၁၃၉၃၀၀ရှိသည်ဟု ဆိုသည်။ ၁၁ လအတွင်း ထိပ်တန်းဆီဒင်ကားထုတ်လုပ်သည့် ကုမ္ပဏီများတွင် ရှန်ဟိုင်းဂျီအမ်၊ ဖောဘောက်စ်ဝက်ဂွန်၊ ရှန်ဟိုင်းဘောက်စ်ဝက်ဂွန်၊ ချယ်ရီ၊ ပေကျင်းဟွန်ဒိုင်း၊ ကွမ်ကျိုဟွန်ဒါ၊ ဖောတိုယိုတာ၊ ဖောစီယာလီ၊ ဒေါင်ဖန်းပီးဂျော့၊ စစ်ထရိုရင်နှင့် ဂီးလီတို့ ဖြစ်သည်။

ချယ်ရီ၊ ဖောစီယာလီနှင့် ဂီးလီတို့သာလျှင် တရုတ်ကုမ္ပဏီများဖြစ်ကြပြီး အခြားကုမ္ပဏီများမှာ ဖက်စပ်ကုမ္ပဏီများဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဆိုမာလီယာ၌ ရေလွှမ်း လူသုံးသိန်းကျော် ရေဘေးဒုက္ခကြုံတွေ့

**နိုင်ရိုဘီ ဒီဇင်ဘာ ၁၂**

ဆိုမာလီယာနိုင်ငံတွင် ရှာဘီလီနှင့် ဂျူဘားမြစ်များတစ်လျှောက် ရေလျှံခဲ့မှုကြောင့် အနီးဝန်းကျင်ဒေသများတွင် နေထိုင်သော ဒေသခံပြည်သူ သုံးသိန်းသုံးသောင်းခန့်ရေဘေးဒုက္ခခံစားနေရကြောင်း ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့က ဒီဇင်ဘာ ၈ရက်၌ ပြောကြားသည်။

**ကြုံတွေ့**

ရေလွှမ်းမှုများကြောင့် ဘေးဒုက္ခကြုံတွေ့နေရသောပြည်သူစုစုပေါင်းမှာ ကိုးသိန်းခန့်ရှိနေပြီး တိုက်ရိုက်ရေဘေးဒုက္ခကြုံတွေ့နေရသူများမှာ သုံးသိန်းသုံးသောင်းခန့်ရှိနေပြီး လောလောဆယ်တွင် လူနှစ်သိန်းခွဲခန့်မှာ ထောက်ပံ့ရေးများ လိုအပ်နေကြောင်း ယူနီဆက်ဖ်က ပြောကြားသည်။

**ထောက်ပံ့**

ထိုသို့ ရေဘေးဒုက္ခကြုံတွေ့နေရသော ပြည်သူများအတွက် စောင်များ၊ ချက်ပြုတ်စရာအိုးခွက်များ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများနှင့် သဲအိတ်များ၊ သောက်ရေသန့်များစသည်တို့ကို ထောက်ပံ့ဖြည့်ဆည်းပေးခဲ့ကြောင်း ယူနီဆက်ဖ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဖလူဂျာ၌ လူသေငါးဦး အလောင်းများ တွေ့ရှိ

**ဘဂ္ဂဒက် ဒီဇင်ဘာ ၁၂**

ဘဂ္ဂဒက်မြို့တော်အနောက်ဘက် ကီလိုမီတာ ၆၀ခန့်အကွာ ဖလူဂျာမြို့၌ အမည်မသိသူ လူငါးဦး၏အလောင်းကို အီရတ်ရဲတပ်ဖွဲ့က ဒီဇင်ဘာ ၁၀ ရက်က တွေ့ရကြောင်း ဖလူဂျာရဲတပ်ဖွဲ့က ကြေညာသည်။

**ညှဉ်းပန်းနှိပ်စက်**

ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် မျက်စိကို အဝတ်စည်းထားပြီး ကျည်ဆန်ဒဏ်ရာများဖြင့် ပြည့်နှက်နေသော အလောင်းများကိုတွေ့ရသဖြင့် မသတ်မီ ညှဉ်းပန်းနှိပ်စက်သည့် လက္ခဏာရှိကြောင်း ဆင်ဟွာသို့ ပြောကြားလိုက်သည်။

ဘဂ္ဂဒက်မြို့တော်နှင့်တကွ အခြားအီရတ်မြို့များတွင် အလောင်းတွေ့ရှိမှု၊ လုပ်ကြံသတ်ဖြတ်မှုနှင့် ဖောက်ခွဲအကြမ်းဖက်မှုများ နေ့စဉ်လိုကြုံတွေ့စေရခြင်းက အီရတ် အစိုးရအနေဖြင့် အကြမ်းဖက်မှုများ တားဆီးရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး ကြိုးပမ်းမှုတွင် အဟန့်အတားကြီးများ ရှိနေကြောင်းပြသနေခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ထူးထူးခြားခြား စွမ်းရည်ပြသူ



**ကြက်တောင်ရိုက်တံတစ်ခုဖြင့် စွမ်းရည်ပြသနေသူတစ်ဦးကို တွေ့ရစဉ်။** (ယာပုံ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသည့် လူ့စွမ်းရည်ပြပွဲ၌ ဩစတြေးလျနိုင်ငံသား အီလ်မီလာဆိုသူက ကြက်တောင်ရိုက်တံကွင်း တစ်ခုအတွင်း ခေါင်းနှင့်လက်ကို ထည့်သွင်းပြခြင်းဖြင့် အံ့ဖွယ်စွမ်းရည် ပြသခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**



## ဖန်သားဖြင့် ပြုလုပ်ထားသောဆိုင်ကယ်

**ဖန်သားဖြင့် ပြုလုပ်ထားသော ဆိုင်ကယ်တစ်စီးကို ပြသထားစဉ်။**(ဝဲပုံ)

စကော့တလန်နိုင်ငံ အီဒင်ဘတ်မြို့တွင် ကျင်းပသည့် အနုပညာလက်ရာပစ္စည်းမျိုးစုံပြပွဲတွင် ဗိသုကာပညာရှင် ဂျို့စတာနာဝေး ပြုလုပ်ထားသည့် ဖန်သားများဖြင့် ပြုလုပ်ထားသော မော်တော်ဆိုင်ကယ်တစ်စီး ပြသထားရာ ကမ္ဘာပေါ်တွင် ပထမဆုံး ဖန်သားဖြင့် ပြုလုပ်ထားသော ဆိုင်ကယ်တစ်စီးဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း Project Pre-Show ပြပွဲ ကြည့်ရှုအားပေး

ရန်ကုန် ဒီဇင်ဘာ ၁၂

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်သို့ရောက်ရှိပြီး ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ တစ်ကိုယ်တော် Project Pre-Show ပြပွဲကို ကြည့်ရှုအားပေးသည်။**

**ရှင်းလင်းတင်ပြ**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲမှတစ်ဆင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ရုပ်ရှင်သရုပ်ဆောင် သျှားညို၏ တစ်ကိုယ်တော် Project Pre-Show ပြပွဲ ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် Stainless Steel ဖြင့် ပြုလုပ်ထားသော ပြကွက်ပေါင်း ၄၀ ကျော် ပါဝင်သည့် အနုပညာလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးရာ ရုပ်ရှင်သရုပ်ဆောင်သျှားညိုက ပြကွက်ကဏ္ဍတစ်ခုချင်းနှင့်ပတ်သက်၍ ရှင်းလင်းပြသသည်။

**ဆက်လက်ကြိုးပမ်း**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပြပွဲနှင့်ပတ်သက်၍ အကြံပြုချက်များ ဆွေးနွေးပြောကြားပြီး အနုပညာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

အဆိုပါပြပွဲကို ဒီဇင်ဘာ၃၁ ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ၄နာရီအတွင်း ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရုပ်ရှင်သရုပ်ဆောင်သျှားညို၏ တစ်ကိုယ်တော် Project Pre-Show ပြပွဲ ပြခန်းအတွင်း ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

## အထက(၃)မြိတ် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြိတ်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၏ ပထမအကြိမ်မြတ်ဆရာ ပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃ရက် နံနက် ၇နာရီတွင် အဆိုပါကျောင်းရှိ ပညာရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။မြတ်ဆရာပူဇော်ပွဲအတွက် အလှူငွေများလှူဒါန်းလိုပါက ဒေါက်တာအေးအေးသိန်း ဖုန်း-၀၅၉-၄၁၂၉၄၊ ဒေါက်တာရီရီ ဖုန်း-၀၅၉-၄၁၁၁၀၊ ဦးစိုးပိုင်ဌေး ဖုန်း-၀၅၉-၄၁၄၃၇၊ ဦးသန်းဌေး ဖုန်း-၀၅၉-၄၁၅၈၅၊ ဦးသန်းထိုက် ဖုန်း-၀၅၉-၄၁၆၈၀၊ ဦးစစ်အင် ဖုန်း-၀၅၉-၄၁၂၄၁နှင့် ဦးမောင်ဖေ ဖုန်း-၀၅၉-၄၁၂၅၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်ရက်တိုးကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ နိုဝင်ဘာ ၂၂ရက်မှ ဒီဇင်ဘာ ၁ရက်အထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပပြုလုပ်နေသော အမှတ်(၁)စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်အား ဒီဇင်ဘာ ၁၅ရက်အထိ ရက်ထပ်မံတိုးမြှင့် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဈေးပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများကို အထူးဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## သွေးလှူရှင်များနေ့

၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ရက်

အမျိုးသားသွေးဌာန
ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန


## ကျိုက္ကော်အထက အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မွန်ပြည်နယ် သထုံမြို့နယ်၊ ကျိုက္ကော် အထက၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကျိုက္ကော် အထကရွှေရတုခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ကျောင်းသူကျောင်းသားများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများထည့်ဝင်ကြပါရန်နှင့် ရန်ကုန်မှ လိုက်ပါမည့်သူများ ဒီဇင်ဘာ ၁၇ရက်နောက်ဆုံးထား၍ ဒေါ်သန်းအိ (ကျောင်းအုပ်ဆရာမကြီး၊ ကျိုက္ကော် အထက)ဒေါ်တင်ကြူ ဈေးတန်းရပ် ကျိုက္ကော် ဒေါက်တာတင့်ဇော်ဦး ဖုန်း-၀၁-၂၂၉၈၉၇၊ ဒေါ်ခင်ဝင်း ၀၁-၂၂၅၁၃၉နှင့် ၀၁-၂၂၁၂၄၇တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

## ကြည့်လှည့်စမ်းပါ ရွှေသီလာသို့

- **မသွေခရီးဆက်မည့် ဒို့လမ်းစဉ်**
  **ခုနစ်ရပ်တွင်အစီအစဉ်ပါတဲ့**
  **ညီလာခံဦးတည်ချက်ခြောက်ရပ်**
  **လျာထားသတ်မှတ်သည့် ရှေ့နောက်အစီအစဉ်တွေနဲ့**
  **အခြေခံမူတစ်ရာ့လေးချက်ကလည်း ပီပြင်တိကျ**
  **တစ်စတစ်စနဲ့ လှမ်းခဲ့တဲ့ဒို့ခြေလှမ်းများ**
  **သွားပါများလို့ ခရီးရောက်ခဲ့ပြန်**
  **တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ**
  **မေးစရာတောင်မလိုဘူး။**
- **ဘယ်သူခွဲခွဲ ဒို့မကွဲပါ**
  **ယိုင်လျှင်တွဲ လဲလျှင်ထူ**
  **အေးအတူပူအမျှ**
  **ဖေးကူမ တတ်တဲ့ ဒို့စိတ်ထား**
  **သစ်တစ်ပင်ကောင်း၊ ငှက်တစ်သောင်းနားလို့**
  **ငှက်တစ်ကောင်ကောင်း၊ အပင်တစ်သောင်းပွားခဲ့ပြီမို့**
  **ကိုလိုနီလက်သစ်သော မသစ်သော**
  **နိုင်ငံကြီးသော မကြီးသော**
  **နောဇာနာမိ ဒို့မသိဘူး။**
- **ပြည်မြန်မာက ရွှေသီလာအလှကို**
  **မူလစိတ်ထားအမှန်နဲ့ မြင်ချင်တွေ့ချင်ရင်**
  **ညောင်နှစ်ပင်အောင်မြေစခန်းက**
  **ပြည်ထောင်စုခန်းမကိုလာကြည့်စမ်းပါ**
  **ညီညီညာညာ ပေါင်းစုစွာနဲ့**
  **အလွှာစုံက ကိုယ်စားလှယ်တော်ကြီးတွေရဲ့**
  **အဟုတ်အမှန်လုပ်ရပ်များကို**
  **မောင်စာဆို မြတစ်ခဲက**
  **ပြဖို့စိတ်ကူး။ ။**

**(အမျိုးသားညီလာခံကြီးအားဂုဏ်ပြုလျက်-)**

**ဖိုးရန်နိုင်(ကျောက်ကြီး)**

## အရပ်အမောင်း သုံးစင်တီမီတာခန့်နိမ့်သွားသည့် အသက်အရွယ်ကြီးသူများ နှလုံးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုပိုမိုဖြစ်ပွားနိုင်

**လူတို့သည် အသက်အရွယ်ကြီးရင့်လာသည့်အခါ အရပ်အမောင်းအနည်းငယ် နိမ့်ကျသွားတတ်ကြကြောင်း၊ ထိုသို့အရပ်အမောင်းနိမ့်ကျရာတွင် သုံးစင်တီမီတာ (သို့မဟုတ်) ၄င်းထက်ပိုမိုသောအရပ်နိမ့်ကျသွားသူများမှာ နှလုံးရောဂါတိုက်ခိုက်ခံရမှုနှင့်သေဆုံးမှုပိုမိုဖြစ်ပွားတတ်ကြကြောင်း လန်ဒန်ရှိ သုတေသနပညာရှင်များက ပြောကြားလိုက်သည်။**

ရာခိုင်နှုန်း

**သုတေသနပညာရှင်များအနေဖြင့် လူ၄၂၀၀ ကို သုတေသနပြုခဲ့ရာ အရပ်သုံးစင်တီမီတာ နိမ့်သွားသော သက်ကြီးရွယ်အိုများသည် နှလုံးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုမှာ အရပ်တစ်စင်တီမီတာ နိမ့်သွားသူများထက် ၆၄ ရာခိုင်နှုန်း ပိုများနေသည်ကို တွေ့ရသည်ဟုဆိုသည်။**

**အသက် ၆၀ နှင့် ၇၀ အရွယ်ရှိသူများကို သုတေသနပြုခဲ့ကြခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် နှစ်၂၀ကာလအတွင်း ပျမ်းမျှအရပ် ၁ဒသမ ၆၇စင်တီမီတာခန့် နိမ့်သွားခဲ့ကြောင်း သိရသည်။ သို့ရာတွင် သုတေသနပြုကြည့်သူ ၄၂၀၀မှ ၁၄၀၀တို့မှာ အရပ်နှစ်စင်တီမီတာနိမ့်ကျသွားကြသည်ကို တွေ့ရှိရသည်ဟုဆိုသည်။**

**ထိုသို့အရပ် သုံးစင်တီမီတာ နိမ့်ကျသွားသူများမှာ ကင်ဆာမဟုတ်သော အခြားရောဂါဆိုးများ ဝင်ရောက်နိုင်သည့် အခွင့်အရေးပိုများကြောင်းနှင့် သေဆုံးမှုပိုများကြောင်း ဆက်စပ်တွေ့ရှိရသည်ဟု သုတေသနပညာရှင်များက ပြောကြားသည်။**

(ကိုးကား-အင်တာနက်)



**အင်တာနက် သတင်းနှင့်ဓာတ်ပုံ**

## ပုလောမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ပုလောမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင် အခမ်းအနားနှင့် သင်းလုံးကျွတ်နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၃ရက် (စနေနေ့)တွင် ကမာရွတ်မြို့နယ် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်လမ်းမကြီး ရွှေစံပယ်ရိပ်မွန်နှင့် ရွှေမာလာရိပ်မွန်ကြားရှိ Lion City Restaurant တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အသင်းဝင်မိသားစုများမှ အသက် ၇၅နှစ်ပြည့်ပြီး အဘိုး၊ အဘွားများ၊ ၂၀၀၆ခုနှစ်တွင် ပါရဂူဘွဲ့ရရှိသူများ၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းကို တစ်ကြိမ်တည်း ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် အသင်းဝင်သားသမီးများသည် အမှတ်စာရင်းပြည့်စုံစွာ ဖော်ပြပြီး ဒီဇင်ဘာလ ၃၁ရက်နောက်ဆုံးထား၍ အသင်းတိုက်သို့ ပေးပို့ရန်နှင့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံပညာသင်ထောက်ပံ့ကြေး လျှောက်ထားလိုသည့် အသင်းဝင် သားသမီးများ၊ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ အသင်းရုံးသို့ အထောက်အထားများနှင့် ပေးပို့ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

**ပဲခူးတိုင်းပြိုင် ကွင်းဆင်း** 

**ပဲနွယ်ကုန်းမြို့ သံမဏိရပ်ကွက် ဌာနာလမ်းနေ ဒေါ်မြကြည်နှင့် မိသားစုက ဦးအောင်သန်း(ခ)ဦးခွေးအား ရည်စူး၍ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း၊ အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးက လက်ခံစဉ်။** (က-ပ)



# အာဆီယံမိသားစုနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် လူမှုဝန်ထမ်းလုပ်ငန်းများ တစ်စတစ်စပိုမိုတိုးတက်အောင်မြင် လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အစဉ်တစိုက်ကြိုးပမ်း

နေပြည်တော် ဒီဇင်ဘာ ၁၂

**စတုတ္ထအကြိမ် အာဆီယံလူမှုဝန်ထမ်းနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ အစည်းအဝေးနှင့်တတိယအကြိမ် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက် ၉နာရီက မန္တလေးမြို့ Sedona Hotel ရှိ အမရပူရခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ**(အောက်ပုံ) **တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ဖွင့်လှစ်ပေးသည်။**



ရှေးဦးစွာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလေးရက်ကြာကျင်းပမည့် အစည်းအဝေးတွင် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်အတွက် ဒုတိယအကြိမ် မူဘောင်ချမှတ်မှု ကြိုတင်ပြင်ဆင်ရေးအစည်းအဝေး၊စတုတ္ထအကြိမ်မြောက်အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် တတိယအကြိမ် အာဆီယံ+၃ လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးများကို ကျင်းပဆွေးနွေးသွားမှာဖြစ်ကြောင်း။

## အဓိကထား

ဗီယင်ကျန်း လုပ်ငန်းအစီအစဉ်တွင် အာဆီယံလူမှုယဉ်ကျေးမှု အသိုင်းအဝိုင်းတစ်ခုလည်း အပါအဝင်ဖြစ်ကြောင်း၊ ယင်းလုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်မည့် မဟာဗျူဟာမှာ လူမှုအဖွဲ့အစည်း ကာကွယ်စောင့်ရှောက်မှု အသိုင်းအဝိုင်းတည်ဆောက်ရေးဖြစ်ကြောင်း၊ ယင်းမဟာဗျူဟာအောက်တွင် ဦးစားပေးလုပ်ငန်းအုပ်စုအဖြစ် ကလေးသူငယ်များ၊ လူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် မိသားစုများကို အဓိကထားသတ်မှတ်ထားသည်ကို တွေ့ရကြောင်း။

ယခုဆွေးနွေးပွဲတွင် အာဆီယံ+၃ နိုင်ငံများအတွင်း လူကုန်ကူးခြင်းခံရသော ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မိသားစုအတွင်းအကြမ်းဖက်မှုကာကွယ်ရေး၊ မသန်စွမ်းသူများ ရပ်ရွာအတွင်း ပြန်လည်ထူထောင်ရေး၊ မဲခေါင်ဒေသအတွင်း အမျိုးသမီးနှင့် ကလေးသူငယ်များအားလူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူမှုအဖွဲ့အစည်း စောင့်ရှောက်ရေး၊ လူမှုရေး အတတ်ပညာနှင့် လူမှုရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးစသည်တို့ကို အသေးစိတ်ဆွေးနွေးကြမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ကြီး၏ မူဝါဒနှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အစဉ်တစိုက် ကြိုးပမ်းလျက်ရှိကြောင်း။

အာဆီယံနိုင်ငံများအတွင်း လူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း ဗီယင်ကျန်း လုပ်ငန်းအစီအစဉ်ပါ အာဆီယံလူမှုယဉ်ကျေးမှုအသိုင်းအဝိုင်းတွင် ဖော်ပြထားသောမဟာဗျူဟာများနှင့်အညီ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကလေးသူငယ်နှင့် အမျိုးသမီးများကဏ္ဍတွင် အဓိကဆက်သွယ်ဆောင်ရွက်ရသော အဖွဲ့အစည်းအဖြစ် တာဝန်ယူ ဆောင်ရွက်သည့်အတွက် အမျိုးသားအဆင့် အဖွဲ့အစည်းများကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ၁၉၉၃ခုနှစ်၊ ကလေးသူငယ်ဥပဒေအရ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီများကို အမျိုးသားအဆင့် ဖွဲ့စည်းတာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်၊တိုင်း၊ခရိုင်၊ မြို့နယ်များ၌လည်း ကော်မတီများ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်ပြီး ကလေးသူငယ်များအတွက် အကောင်းဆုံး အကျိုးစီးပွားကို ဖော်ဆောင်လျက်ရှိကြောင်း၊ အမျိုးသားကော်မတီအနေဖြင့် ပထမအကြိမ်နှင့် ဒုတိယအကြိမ် အစီရင်ခံစာများကိုလည်း ကုလသမဂ္ဂသို့ပေးပို့အစီရင်ခံပြီးဖြစ်ကြောင်း။

## အမျိုးသမီးများကဏ္ဍ

အမျိုးသမီးများနှင့် ပတ်သက်၍ ပေကျင်းကြေညာစာတမ်းနှင့် အညီ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီကိုလည်း ဖွဲ့စည်းပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တွင် ဌာနကြီး ခြောက်ခုနှင့် လုပ်ငန်းအဖွဲ့ခြောက်ခုဖွဲ့စည်းထားရှိပြီး တိုင်း/ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရပ်ကွက်၊ ကျေးရွာအမျိုးသမီးရေးရာအဖွဲ့များ ဖွဲ့စည်းပြီး တစ်နိုင်ငံလုံးအနှံ့ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း။

## အကာအကွယ်ပေး

လူကုန်ကူးမှုနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနက အဓိကဆက်သွယ်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်ကြောင်း၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ လုပ်ငန်းအဖွဲ့သုံးဖွဲ့၊ ပြည်နယ်/တိုင်း၊ခရိုင်၊မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၀၃ခုနှစ်က ပြဋ္ဌာန်းထားသော လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေနှင့်အညီ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေး၊ ပြန်လည်လက်ခံရေး၊ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

## လူမှုဝန်ထမ်း

လူမှုဝန်ထမ်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စေတနာ့ဝန်ထမ်း ပုဂ္ဂိုလ်များ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အာဆီယံ+၃ နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ကလေးသူငယ်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ကလေးသူငယ်များဆိုင်ရာ အမျိုးသားလုပ်ငန်း အစီအစဉ် (၂၀၀၆-၂၀၁၅)ကို ချမှတ်ရေးဆွဲပြီး ကျန်းမာရေးနှင့် အာဟာရကဏ္ဍ၊ ရေကောင်းရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကဏ္ဍ၊ ပညာရေးနှင့် ကလေးသူငယ် ဖွံ့ဖြိုးရေးကဏ္ဍနှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

## အသိပညာပေးဆွေးနွေး

ကလေးသူငယ်များ ကာကွယ်စောင့်ရှောက်ရေးအနေနှင့် ရပ်ရွာအခြေပြုနှင့် သင်တန်းကျောင်းအခြေပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ထူးခြားတဲ့ဆောင်ရွက်ချက်မှာ ကြိုတင် ကာကွယ်ရေးအဖြစ် ယူနီဆက်၏ ပူးပေါင်းကူညီမှုဖြင့် နယ်လှည့်အဖွဲ့ ဖွဲ့စည်းပြီး ပြည်နယ်/တိုင်း၊ ခရိုင်၊ မြို့နယ်များရှိ ကလေးသူငယ်ကော်မတီအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ရပ်ရွာလူထုအဖွဲ့ဝင်များအား ကလေးသူငယ်ဥပဒေနှင့် ကလေးသူငယ်များအား လျစ်လျူရှုမှု၊ အလွဲသုံးမှု၊ အသုံးချမှုဆိုင်ရာကာကွယ်စောင့်ရှောက်ရေးအသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ခဲ့ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မြို့ပြဒေသများသာမက ဝေးလံဒေသနှင့် နယ်စပ်ဒေသများအထိ ပို့ချနိုင်ခဲ့ပြီး ပြည်နယ်/တိုင်း ၁၆ခု၊ ခရိုင် ၂၂ခု၊ မြို့နယ် ၁၂၃ခုတို့မှ စုစုပေါင်း ၆၆၁၅ဦးတို့အား အသိပညာပေးဆွေးနွေးနိုင်ခဲ့ကြောင်း။

အကြောင်း အမျိုးမျိုးကြောင့် ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည့် အမျိုးသမီးများကို သင်တန်းကျောင်း၊ ဌာနငယ်များတွင် လက်ခံစောင့်ရှောက်ပြီး စာပေပညာ၊ သက်မွေးမှုပညာနှင့် နောက်ဆက်တွဲစောင့်ရှောက်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူကုန်ကူးခံရသောအမျိုးသမီးများနှင့် ပတ်သက်၍ စနစ်တကျပြန်လည်လက်ခံခြင်း၊ အသက်မွေးမှုဆိုင်ရာ သင်တန်းပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းနှင့် နောက်ဆက်တွဲလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

## ပူးပေါင်းဆောင်ရွက်

ယခုအခါ UNIAPနှင့် ပူးပေါင်း၍ လူကုန်ကူးခံရသူ အမျိုးသမီးငယ်များအား ပြန်လည်လက်ခံခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းဆိုင်ရာ သင်တန်းများဖွင့်လှစ်ခြင်း၊ ယင်းသို့လက်ခံရာတွင် ပံ့ပိုးကူညီခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ ယူနီဆက်(မြန်မာ)အနေဖြင့်လည်း လူကုန်ကူးခံရသော အမျိုးသမီးငယ်များအား မိဘရပ်ထံ ပြန်လည်အပ်နှံပြီးနောက် နောက်ဆက်တွဲ စောင့်ရှောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သက်ကြီးရွယ်အို စောင့်ရှောက်ရေးလုပ်ငန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေနှင့် ကျယ်ပြန့်ခိုင်မာသည့် မိသားစုစနစ်ကြောင့် သက်ကြီးရွယ်အိုများကို ၎င်းတို့၏မိသားစုအသိုင်းအဝိုင်းတွင်းမှာပင် ပြုစုစောင့်ရှောက်လေ့ရှိကြောင်း၊ စောင့်ရှောက်မှုလိုအပ်သော သက်ကြီးရွယ်အိုများကို ဘာသာရေးအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစေတနာရှင်များက ဘိုးဘွားရိပ်သာများဖွင့်လှစ်ပြီး ပြုစုစောင့်ရှောက်ပေးလျက်ရှိကြောင်း။

၎င်းအပြင် အာဆီယံ-ကိုရီးယားအိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး ပထမအဆင့်ကို မြို့နယ်နှစ်မြို့နယ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဒုတိယအဆင့်ကို မြို့နယ် ၂၈မြို့နယ်တွင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

## ကူညီပံ့ပိုး

မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးနှင့်ပတ်သက်၍ ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်းနှင့်သင်တန်းကျောင်းအခြေပြု စောင့်ရှောက်ခြင်းနည်းလမ်းနှစ်သွယ်ဖြင့် စောင့်ရှောက်လျက်ရှိကြောင်း၊ စာပေပညာသင်ကြားပေးခြင်း၊ သက်မွေးအတတ်ပညာသင်ကြားပေးခြင်းနှင့် ပြန်လည်နေရာချထားပေးခြင်းများကို အဆင့်ဆင့်ပြန်လည်ထူထောင်ပေးလျက်ရှိကြောင်း၊ ထို့ပြင် ဒီဇင်ဘာ၃ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ကို နှစ်စဉ်ကျင်းပပြုလုပ်ပေးလျက်ရှိကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လူမှုရေးအတတ်ပညာများ သင်ကြားနိုင်ရေးအတွက် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး လူမှုရေးအတတ်ပညာ ဒီပလိုမာတစ်နှစ်သင်တန်းကို ၂၀၀၆ခုနှစ် ဩဂုတ်ရက်မှစတင်၍ ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်လျက်ရှိကြောင်း၊ ယင်းဒီပလိုမာသင်တန်းနှင့်ပတ်သက်၍ ယူနီဆက်(မြန်မာ)က ကူညီပံ့ပိုးပေးလျက်ရှိကြောင်း။

ယခုအစည်းအဝေးကြီး အနေဖြင့် အာဆီယံလူမှုယဉ်ကျေးမှုအသိုင်းအဝိုင်းတွင်ပါရှိသည့်လူမှုရေးဦးစားပေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းသစ်များ၊ အကြံပြုချက်များ ဆွေးနွေးဖော်ထုတ်နိုင်လိမ့်မည်ဟု အလေးအနက်ယုံကြည်ကြောင်း၊ အောင်မြင်သည့်ဆွေးနွေးမှု ရလဒ်ကောင်းများလည်း ပေါ်ထွက်လာမည်ဟု မျှော်မှန်းကြောင်း။

## ပိုမိုခိုင်မြဲ

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ အာဆီယံဒေသအတွင်း လူမှုရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရင်းနှင့် အာဆီယံမိသားစုဝင်များ အချင်းချင်း ချစ်ခင်ရင်းနှီးမှုတွေ တိုးပွားပါစေ၊ တစ်ဦးအပေါ်တစ်ဦး နားလည်မှုနှင့် ယုံကြည်မှုများ ပိုမိုခိုင်မြဲပါစေဟု ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနား အပြီးတွင် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ အဖွဲ့ဝင်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

## ဆက်လက်ကျင်းပ

၂၀၀၇-၂၀၁၀ ပြည့်နှစ် အတွက် အာဆီယံလူမှုဝန်ထမ်းနှင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ် ဒုတိယအကြိမ် မူဘောင်ချမှတ်မှု ကြိုတင်ပြင်ဆင်ရေး အစည်းအဝေးကို နံနက် ၁၀နာရီခွဲတွင် ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိသဖြင့် ရွှေကူမြို့နယ် NLD ပါတီဝင် ၁၅ဦး စုပေါင်းနုတ်ထွက်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ကချင်ပြည်နယ် ရွှေကူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော နောင်လတ်ကြီးကျေးရွာမှ ဦးအာဃ၊ ဦးသန်းမောင်၊ စီမူလေးကျေးရွာမှ ဦးမြင့်ဦး၊ နောင်လတ်ကြီးကျေးရွာမှ ဦးထွေးမောင်၊ တာလီကျေးရွာမှ ဦးနက်၊ စီသာကျေးရွာမှ ဦးမြင့်နိုင်နှင့် ဦးသန်းရွှေတို့ အပါအဝင် ပါတီဝင် ၁၅ဦးတို့သည် နိုဝင်ဘာ၁၆ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့်ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရွှေကူမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် NLDပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ယခုကဲ့သို့ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

# မရမ်းကုန်း စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၁၂

မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးနှင့် သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မြန်မာစာဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၁၀ရက် နံနက် ၉နာရီက မြို့နယ် ရည်ညွှန်းစာကြည့်တိုက်၌ ကျင်းပသည်။

## ဖတ်ကြား

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ (ဗဟို) ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်အုန်းတို့က အမှာစကား ပြောကြားကြပြီး အစီအစဉ်အရ အမှုဆောင်အစီရင်ခံစာကို အတွင်းရေးမှူး(မြေလတ်-ထင်ကျော်မိုး)ကလည်းကောင်း၊ ဘဏ္ဍာရေးအစီရင်ခံစာကို ဘဏ္ဍာရေးမှူး(မောင်အေးကို-ယမုံနာ)က လည်းကောင်း၊ စာရင်းစစ်အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ(ဦးခင်ဇော်-မရမ်းကုန်း)က လည်းကောင်း အသီးသီး ဖတ်ကြား ရှင်းလင်းပြီး လစ်လပ်အမှုဆောင်တစ်နေရာအတွက် ဦးမြင့်ဆွေ (ခေတ္တရာ-မြင့်ဆွေ)အား တင်မြှောက်ပြီး နာယကအမည်စာရင်းများကို ဖတ်ကြားကြေညာသည်။ ထို့နောက် တွဲဖက်အတွင်းရေးမှူးဦးမျိုးမင်းသိန်း (ရွှေမြိုင်)က ဆောင်ရွက်ရာ သက်ကြီး စာပေပညာရှင်ရှစ်ဦးတို့အား လှူဖွယ် ပစ္စည်းများပေးအပ်ခြင်း၊ ပူဇော်ကန်တော့ခြင်း၊ မြန်မာစာဂုဏ်ထူးရကျောင်းသားကျောင်းသူ၂၈ဦးတို့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ကြသည်။ ဆက်လက်၍သက်ကြီးစာပေပညာရှင်အားလုံး၏ကိုယ်စား ဆရာကြီး (ဝဏ္ဏဓဇ-မှတ်ဝင်း)က ဩဝါဒစကား ချီးမြှင့်ခြင်းနှင့် မြန်မာစာဂုဏ်ထူးဆုရ ကျောင်းသား ကျောင်းသူအားလုံး၏ ကိုယ်စား ကျောင်းသားတစ်ဦး၊ ကျောင်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၄၂၁)

## ကလေးအထူးတရားပွဲ

ရန်ကုန် ဒီဇင်ဘာ ၁၂

အရှင်အာစာရာလင်္ကာရ(စစ်ကိုင်းရွှေဟသ်ာ) ဆယ်ဘွဲ့ရ ဆရာတော်က ကလေး အထူးတရားပွဲကို ယနေ့ ဒီဇင်ဘာ ၁၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကျောက်မြောင်းလမ်း ကျောက်မြောင်းကြီး (စံပြ)ရပ်ကွက် စိန္တာမယမွေရုံ၌ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

# အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်) စိန်ရတုပွဲတော်ကို တစ်လကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၁၂

သစ်တောရေးရာဝန်ကြီးဌာနက စီစဉ်ကျင်းပသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်) စိန်ရတုပွဲတော်၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ် ပထမအကြိမ် ပန်းပွဲတော်ကို ဖျော်ဖြေပွဲနှင့် ပျော်ပွဲရွှင်ပွဲများအား ဒီဇင်ဘာ ၁၄ရက်မှ ၁၈ရက်အထိ ကျင်းပပြီး ပွဲတော်ကာလကို ဒီဇင်ဘာ၁၄ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၃ရက်အထိ တစ်လ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

## ■ ကျောဖုံးမှ

ထိုအမျိုးသား ကန်တော်ကြီးဥယျာဉ် တည်ထောင်ဖွင့်လှစ်ခဲ့သည်မှာ ယခု ဒီဇင်ဘာလတွင် စိန်ရတုခေတ်သို့ တိုင်ခဲ့ပြီဖြစ်သည်။ မကြာမီရက်အတွင်း အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ကြီးကို စည်စည်ကားကား ကျင်းပတော့မည် ဖြစ်သည်။

## ဗဟုသုတတိုးပွား

အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ကြီးကို တစ်နိုင်ငံလုံးရှိ အထင်ကရ အထိမ်းအမှတ်များ ဥယျာဉ်ကြီးကိုလည်း တစ်ပြိုင်တည်းပွဲတော်ဖွင့်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်၍ လာရောက်အပန်းဖြေကြသည့် ခရီးသွားများအတွက် အပန်းပြေစေမည့်အပြင် ဗဟုသုတများလည်း တိုးပွားခွင့်ကြုံပေလိမ့်မည် ဖြစ်သည်။

ထို့အပြင် ရှားပါး သစ်ခွပန်းများ အပါအဝင် ပန်းပေါင်းနှစ်သန်းကျော် ပြသမည့် ပထမအကြိမ် ပန်းပွဲတော်ကြီးကိုလည်း တစ်ပြိုင်တည်း ယင်းအမျိုးသားကန်တော်ကြီးဥယျာဉ်တွင် ကျင်းပမည်ဖြစ်၍ အမှန်တကယ် ထူးခြားနေသည့် ပွဲတော်ကြီးပင် ဖြစ်သည်။

## ဖျော်ဖြေတင်ဆက်

ထိုသို့ အလွန်ထူးခြားသည့် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်တွင် လာရောက်အပန်းဖြေကြသည့် ခရီးသွားများအား အပန်းပြေစေရေးအတွက် ပျော်ပွဲရွှင်ပွဲများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲများ၊ ဖက်ရှင်ပြပွဲများ အစရှိသော ဖျော်ဖြေတင်ဆက်မှုများ ပါဝင်မည်ဖြစ်၍အလွန်ပျော်စရာကောင်းသည့်ပွဲတော်ကြီး ဖြစ်ပေလိမ့်မည်။



“အမျိုးသား ကန်တော်ကြီး ဥယျာဉ် စိန်ရတုပွဲတော်အတွက် အကောင်းဆုံး ဖျော်ဖြေတင်ဆက်သွားနိုင်ရန် စီစဉ်ပေးထားပါတယ်”။

ဒါရိုက်တာပိုင်ဆု



“အမျိုးသား ကန်တော်ကြီး ဥယျာဉ် စိန်ရတုပွဲတော်တွင် သီဆိုဖျော်ဖြေခွင့်ရလို့ အထူးဝမ်းမြောက်မိပါတယ်”။

တေးသံရှင်နှင့် တေးရေးဆရာ နေဇော်

အဆိုပါ ပွဲတော်ကြီးတွင် ဖျော်ဖြေရေးအစီအစဉ်များနှင့် ပတ်သက်၍ ဂီတလုလင်ဦးကိုကိုက ရှင်းပြရာ“ကျွန်တော့်တစ်သက်တာအရပြောရရင် ဒီပွဲတော်ကြီးဟာ အလွန်ခမ်းနား ကြီးကျယ်တဲ့ပွဲကြီးပါ။ ဒီမြင်ကွင်းမျိုး တစ်ခါမှလည်း မကြုံခဲ့ဖူးပါဘူး။ လာရောက်ကြတဲ့ ခရီးသွားများအတွက်တော့ သာယာငြိမ့်ညောင်းတဲ့ တေးဂီတသံစဉ်များ၊ ရိုးရာ အကပဒေသာများ ကြည့်ရှုနားဆင်ရင်း တစ်ဖက်မှာရှိတဲ့ တောင်ကုန်းအမြင့်တွေမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ ဒေသအထိမ်းအမှတ်တွေဖြစ်တဲ့ မကွေးတိုင်းက ရေနံစင်၊ ကချင်ပြည်နယ်က ခါကာဘိုရာဇီတောင်၊ ကယားပြည်နယ်က တောင်ကွဲစေတီ၊ ကရင်ပြည်နယ်က ဇွဲကပင်တောင် အစရှိတဲ့ ဒေသအထိမ်းအမှတ်တွေကိုလည်း ရှုမငြီးစဖွယ် တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီလိုမြင်ကွင်းမျိုးဟာ ဘယ်နိုင်ငံမှမတွေ့ရသေးတဲ့အလွန်ကျက်သရေရှိ လှပမွေးကြိုင်တဲ့ မြင်ကွင်းအလှအပများပင်ဖြစ်ပါတယ်။ ဒီပွဲတော်မှာ ကျွန်တော်တို့အဖွဲ့က အဖွင့်သီချင်းများ သီဆိုဖျော်ဖြေ ပေးသွားမှာ ဖြစ်ပါတယ်”ဟု မကြာမီက မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

## မြန်မာသံစဉ်

ပွဲတော်တွင် မန္တလေးမြို့မတူရိယာအဖွဲ့၊ရိုးရာယဉ်ကျေးမှုဆိုင်း၊ပတ္တလားအစရှိသော မြန်မာသံစဉ်တေးသီချင်းများဖြင့်လည်း တီးခတ်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုအစီအစဉ်ဖြစ်သည့် ဂီတပွဲတော် (Music Festival) ကြီးကိုလည်း ထည့်သွင်းထားသဖြင့် ဂီတချစ်မြတ်နိုးသူများအတွက် အထူးအစီအစဉ် ဖြစ်၍နေသည်။



“အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ကြီး စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက်ဖြစ်ရေးအတွက် အကောင်းဆုံး ဖျော်ဖြေတင်ဆက်မှုများဖြစ်ရန် အထူးစီစဉ်ပေးထားပါတယ်”။

ဖျော်ဖြေရေးအစီအစဉ်ကြီးကြပ်သူ ဦးမိုးအောင်ဆွေ



“ဒီအမျိုးသား ကန်တော်ကြီး ဥယျာဉ် စိန်ရတုပွဲတော်မှာ ဘဘဦးကိုကို ဦးစီးပြီး အဖွင့်သီချင်းကို ကျွန်တော်နဲ့ အမျိုးသားတေးသံရှင်လေးဦး၊ အမျိုးသမီး တေးသံရှင်လေးဦးတို့က သီဆိုပေးသွားမှာဖြစ်ပါတယ်။ အမျိုးသားတေးသံရှင်များအဖြစ် ဖိုးသောကြာ၊ စောမင်းနောင်၊ စိုင်းညီမင်းနှင့် ထက်မြတ်စိုးတို့ဖြစ်ပြီး အမျိုးသမီးအဆိုရှင်များအဖြစ် အဆို၊အက၊အရေး၊ အတီးရွှေတံဆိပ်ဆုရှင်များဖြစ်ကြတဲ့ ခင်မျိုးအေး၊ စိမ်းလဲ့လဲ့၊ ရဲရင့်ဝေလွင်၊ ခင်မြသက်နှင်းတို့ ပါဝင်ဖျော်ဖြေကြမှာဖြစ်ပါတယ်”။

ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဖိုးသောကြာ

## ဖျော်ဖြေမည်

ယင်းဂီတပွဲတော်တွင် ချစ်ကောင်း၊ မျိုးကျော့မြိုင်၊ အဲလက်စ်၊ စည်သူလွင်၊ ဖြိုးကြီး၊မာရဇ္ဇ၊ ဟယ်ရီလင်း၊ အောင်ရင်၊ မျိုးမျိုး၊ ဘရိုတ်ကီ၊ စောဖိုးခွား၊ စိုင်းစိုင်း၊ နန္ဒစိုင်း၊ ကောင်းမြတ်၊ ရဲလေး စသောနာမည်ကြီး အဆိုတော်များလည်း လာရောက် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။



“ပုံမှန် ဖျော်ဖြေပွဲတွေထက် ဒီလိုပွဲမျိုး ပထမဆုံးဖျော်ဖြေခွင့်ရလို့ ပျော်ရွှင်မိပါတယ်”။

အဆိုတော် ဟန်ထူးလွင် (Big Bag)

## ပါဝင်

ထို့အပြင် အမျိုးသမီးတေးသံရှင်များဖြစ်ကြသည့် သျှီ၊ ဖြူဖြူကျော်သိန်း၊ ကဗျာဘွဲ့မှူး၊ ချောစုခင်၊ သီရိဂျေမောင်မောင်၊ ဇမ်နူး၊ မေစံပယ်ညို၊ သံသာဝင်းတို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ရောသမမွှေ၊ DJ-Jay' DJ-Man အစရှိသော အခြားတီးဝိုင်းအဖွဲ့ ၁၀ ဝိုင်းကလည်း မြူးမြူးကြွကြွ တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

မြို့မတူရိယာအဖွဲ့၊ စိန်ရတုလှယဉ်ကျေးမယ်ပြိုင်ပွဲ၊ဆောင်းရာသီ ဖက်ရှင်ပြပွဲ၊ဟာသနှင့် မျက်လှည့်ပြကွက်များနှင့် Dream Boat အဖွဲ့၏ ကစားနည်းပဒေသာများလည်း ပါဝင်သည်။

## ရောင်းချမည်

အရောင်းဆိုင်များအဖြစ် စားသောက်ဆိုင်များ၊ အလှကုန်နှင့်လူသုံးကုန် ပစ္စည်းများ၊ ဖက်ရှင်နှင့် အသုံးအဆောင်ပစ္စည်းများ၊ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ ကော်ဖီ Gardenနှင့် အစရှိသော ဆိုင်ခန်းမျိုးစုံပါဝင် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖြေဖျော်ရေးအစီအစဉ်များကို ဇုန်လေးဇုန်ခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပွဲတော်ကာလကို ဒီဇင်ဘာ ၁၄ ရက်မှ ၁၈ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ဖျော်ဖြေမှု အစီအစဉ်များကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅ နာရီအထိ သတ်မှတ်ထားကြောင်း၊ နာမည်ကြီး အနုပညာရှင် ၃၀၀ ခန့်တို့က အပါးတရ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း ဖျော်ဖြေရေးအစီအစဉ်မှ တာဝန်ရှိသူ ဦးမိုးအောင်ဆွေက ပြောကြားခဲ့သည်။

**အမျိုးသား ကန်တော်ကြီးဥယျာဉ်အတွင်း ခင်းကျင်းပြသမည့် ပန်းပွဲတော်ကြီးတွင် ပန်းပေါင်းစုံ ဖူးပွင့် ဝေဆာနေသော ပြကွက်တစ်ကွက်ကို မြို့ရိုးနောက်ခံထားလျက် ဤသို့ရှုမငြီးဖွယ် တွေ့ကြရမည်။**



## အဆင်ပြေအောင်စီစဉ်ထား

ယင်း ပွဲတော်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများလည်း အဆင်ပြေအောင် စီစဉ်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဖျော်ဖြေရေး အစီအစဉ်များကို ဇုန်လေးခု သတ်မှတ်ထားရာ အစိမ်းရောင်ဇုန်တွင် ဖက်ရှင်ပြပွဲများ၊ တေးဂီတဖျော်ဖြေတင်ဆက်မှုနှင့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များပါဝင်မည် ဖြစ်သည်။

အနီရောင်ဇုန်တွင် ဂိမ်းကစားခြင်းများ၊ ဂီတဖျော်ဖြေတင်ဆက်မှုများနှင့် ဈေးဆိုင်များနှင့် စားသောက်ဆိုင်များပါဝင်မည်ဖြစ်သည်။

အဝါရောင်ဇုန်တွင် ဂီတပွဲတော်နှင့် အစားအစာ၊ အဖျော်ယမကာ အရောင်းဆိုင်များပါဝင်မည်ဖြစ်သည်။ ပန်းရောင်ဇုန်တွင် မြို့မတူရိယာအဖွဲ့က တီးခတ်ဖျော်ဖြေမည်ဟု သိရသည်။

## ပါဝင်ဆင်နွှဲနိုင်

သို့ဖြစ်၍ အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော်ကြီးသည် ဂီတချစ်မြတ်နိုးသူများ၊ ပန်းချစ်သူများ၊ ဒေသန္တရ ဗဟုသုတ ရှာမှီးလိုသူများ၊ အပန်းဖြေအနားယူလိုသူများအနေဖြင့် သွားရောက်ပါဝင်ဆင်နွှဲနိုင်ရန် သတင်းစကားပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)





## မော်ကွန်း ကျောက်စာတိုင်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားသမိုင်းမော်ကွန်းကျောက်စာတိုင်ကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

● **ရွှေဖုံးမှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအတွင်း ခြံစည်းရိုးကြက်ဆူပျိုးစင်အမှတ်(၁)နှင့်အမှတ်(၂)တို့၌ ပျိုးထောင်ထားရှိသော ကြက်ဆူပျိုးပင်များကိုလည်းကောင်း၊ ရေတံခွန်တောင်ဒေသအတွင်း ခြံစည်းရိုးကြက်ဆူဧက၁၂၀စိုက်ပျိုးထားရှိမှုနှင့် ပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ပထမအကြိမ်ဆွတ်ခူးရရှိသည့် ခြံစည်းရိုး ကြက်ဆူသီးထွက်ရှိမှုနှင့် ကြက်ဆူဆီထုတ်လုပ်ရရှိမှုအခြေအနေများကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)က ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ အတွေ့အကြုံများရရှိနေပြီဖြစ်သဖြင့် ရည်မှန်းထားသည့် စိုက်ဧကပြည့်မီရန်နှင့် အထွက်နှုန်းကောင်းများရရှိအောင် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားကြရေး မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန အစာစပ်လုပ်ငန်းအဆောက်အအုံရှေ့၌ ကြက်ဆူကြိတ်စက်နှင့် ကြက်ဆူစေ့လက်တွေ့ကြိတ်ခွဲနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစာစပ်လုပ်ငန်းအဆောက်အအုံအတွင်း၌ ကြက်ဆူမျိုးစေ့ ထုတ်လုပ်နေမှုနှင့် အစာစပ်စက်တို့ကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ကြည့်ရှုမှာကြား

ယင်းနောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝက်မွေးမြူရေးစခန်းနှင့် မန္တလေးတိုင်း စစ်မှုထမ်းဟောင်း ကြီးကြပ်မှုအဖွဲ့၏ ဝက်မွေးမြူရေးခြံများအတွင်းရှိ Large Whiteနှင့် Barkshireဝက်မျိုးများ မွေးမြူထားမှုနှင့် ငါးမွေးကန်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်နှင့် နွားမွေးမြူရေးလုပ်ငန်း၊ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် ရာသီသီးနှံ ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားသို့ရောက်ရှိကြရာ စေတီတော်ဘက်စုံပြုပြင်ရေးလုပ်ငန်း ကော်မတီဝင်များနှင့် ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြသည်။

### ကပ်လှူပူဇော်

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့်အဖွဲ့ဝင်များသည် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ အမွှေးတိုင်များ ကပ်လှူပူဇော်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား ဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းများဖြစ်သည့် စောင်းတန်းများ၊ အဝင်မုခ်ဦးများ ပြုပြင်မွမ်းမံခြင်း၊ ဓမ္မစေတီများ ရွှေထီးတော်တင်လှူပူဇော်ခြင်း၊ ဓမ္မစေတီကျောက်စာတိုက်များ ပြုပြင်မွမ်းမံခြင်း၊ ခရေပင်ကြီးများ ပြုစုထိန်းသိမ်းခြင်း၊ နားနေဆောင်များ တည်ဆောက်ထားရှိမှုအခြေအနေ၊ ကွန်ကရစ်လူသွားလမ်းများနှင့် ကြွေပြားများခင်းခြင်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ကမ္ဘာ့အကြီးဆုံးစာအုပ်

မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီးတွင် သုတ္တန်သုံးကျမ်း ကျောက်စာချပ် ၄၁၀၊ ဝိနည်း ငါးကျမ်း ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာ ခုနစ်ကျမ်း ကျောက်စာ ၂၀၈ ချပ်၊ သမိုင်းကျောက်စာ ရှစ်ချပ် စိုက်ထူထားရှိပြီး ကျောက်စာတစ်ချပ်လျှင် စေတီတစ်ဆူနှုန်းဖြင့် ၁၃ ဧက ကျယ်ဝန်းသော စေတီပရိဝုဏ်၏ သုံးထပ်အတွင်းတည်ထားခဲ့ရာ ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးအဖြစ် ကမ္ဘာ၌ ထင်ရှားကျော်ကြားလျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နန်းမြေဘုံသာစံနန်းတော်ရာ စန္ဒာမုနိဘုရားသို့ ရောက်ရှိကြပြီး မုခ်ဦးနှင့် သမိုင်းမော်ကွန်းကျောက်စာတိုင်တို့ကို ကြည့်ရှုစစ်ဆေးသည်။

### ဖူးမြော်ကြည်ညို

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နန်းမြေဘုံသာစံနန်းတော်ရာစန္ဒာမုနိဘုရား ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး ကပ်လှူပူဇော်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် စန္ဒာမုနိဘုရား ပရိဝုဏ်အတွင်း စိုက်ထူထားရှိသည့် ဝိနယပိဋကတ်တော် ကျောက်စာ ၃၉၅ ချပ်၊ သုတ္တန်ပိဋကတ်တော်ကျောက်စာ ၁၂၀၇ ချပ်၊ အဘိဓမ္မာပိဋကတ်တော် ကျောက်စာချပ် ၁၇၀၊ သမိုင်းကျောက်စာ နှစ်ချပ် စုစုပေါင်း ကျောက်စာ ၁၇၇၄ ချပ်နှင့် ဓမ္မစေတီတော်များ မွမ်းမံထိန်းသိမ်းထားရှိမှု လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကြက်ဆူစေ့ လက်တွေ့ကြိတ်ခွဲနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းတွင် ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင် မန္တလေးဘက်ခြမ်းသို့ ရောက်ရှိကြရာ ရောဝတီတံတား(ရတနာပုံ) စီမံကိန်းတာဝန်ခံများဖြစ်သည့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်၊ ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား ရောဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း မန္တလေးဘက်ခြမ်း ရှင်းလင်းဆောင်၌ ရောဝတီတံတား(ရတနာပုံ) မန္တလေးဘက်ခြမ်း စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်နှင့် စစ်ကိုင်းဘက်ခြမ်း စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဆန်းဝင်းတို့က တံတားဆိုင်ရာ အချက်အလက်များ၊ ပင်မတံတားပြီးစီးမှု၊ တံတားနှင့် ချဉ်းကပ်လမ်းတည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

### မှာကြားဖြည့်ဆည်း

ထို့နောက် အတွင်းရေးမှူး(၁)နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရောဝတီတံတား (ရတနာပုံ) တံတားအပေါ်ထည် သံမဏိသံပေါင်ခုံးတပ်ဆင်ပြီးစီးမှုနှင့် ချဉ်းကပ်တံတား၊ ချဉ်းကပ်လမ်းနှင့် ကားလမ်းခုံးကျော်ရထားလမ်း တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ၏ အလယ်ပိုင်းအချက်အချာကျသည့် နေရာတွင် တည်ဆောက်ခဲ့သော လက်ရှိအင်းဝတံတားသည် သက်တမ်း ၆၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီး မော်တော်ယာဉ်ကြီးများ၏ ဝန်ချိန်ကို ထမ်းဆောင်နိုင်စွမ်းမရှိတော့၍ ၁၉၉၂ ခုနှစ်မှစ၍ ၁၅ တန်ထက်ကျော်သော ကားကြီးများဖြတ်သန်းခွင့်မပြုတော့သဖြင့် မော်တော်ယာဉ်ကြီးများသည် ဇက်ရေယာဉ်များဖြင့် ဖြတ်ကျော်ကူးသန်းနေရသည်။

### မြန်ဆန်ချောမွေ့

သို့ဖြစ်၍ ပြောင်းလဲတိုးတက်လာသော ယာဉ်သွားလာမှုလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်အတွက် အရေးပါသည့် ရောဝတီတံတား(ရတနာပုံ)ကို တည်ဆောက်နေခြင်းဖြစ်သည်။

တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများဖြစ်သည့် ပင်မတံတား၊ ချဉ်းကပ်တံတားများ သံပေါင်များတပ်ဆင်ခြင်း၊ ချဉ်းကပ်လမ်းများ မြေဖို့ခြင်း၊ ကတ္တရာခင်းခြင်း၊ ယာဉ်သွားလမ်းနှင့် လူသွားလမ်းများ တည်ဆောက်ခြင်း လုပ်ငန်းများကို မန္တလေးဘက်ခြမ်းနှင့် စစ်ကိုင်းဘက်ခြမ်း နှစ်ဖက်စလုံးမှ တစ်ပြိုင်နက်တည်း တည်ဆောက်လျက်ရှိသည်။

### ရောဝတီတံတား(ရတနာပုံ)

ရောဝတီတံတား(ရတနာပုံ)သည် မန္တလေးဘက် ခဝါတောင်ဘက်ကမ်းနှင့် စစ်ကိုင်းဘက် တကောင်းရပ်ဘက်ကမ်း(လက်ရှိအင်းဝတံတားအထက်ရေဆန်ဘက် ပေ ၂၀၀၀ အကွာ)တွင် တည်ရှိပြီး သံမဏိသံပေါင်ခုံးတံတားဖြစ်သည်။ တံတားအရှည် ၅၆၁၄ ပေ၊ ယာဉ်သွားလမ်းအကျယ် ၄၉ ပေ၊ (လေးလမ်းသွားကားလမ်း)လူသွားလမ်းအကျယ် တစ်ဖက်လျှင် ခြောက်ပေစီရှိပြီး ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ဖြစ်သည်။

### ၇၈ ရာခိုင်နှုန်းပြီးစီး

ရောဝတီတံတား(ရတနာပုံ)ကို အောက်ခံအုတ်မြစ် သံကူကွန်ကရစ်ဘိုးပိုင်များဖြင့်လည်းကောင်း၊ တံတားအောက်ခြေတိုင်များကို သံကူကွန်ကရစ်ဖြင့်လည်းကောင်း၊ တံတားအပေါ်ထည်ကို ပင်မတံတားတွင် သံမဏိသံပေါင်ခုံးတံတားနှင့် ချဉ်းကပ်တံတားတွင် သံကူကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်ကြမ်းခင်းလက်ရန်းတို့ဖြင့်လည်းကောင်း တည်ဆောက်နေခြင်းဖြစ်သည်။ ယခုအခါ တံတားစီမံကိန်းတစ်ခုလုံး ၇၈ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# အင်အားကြီးနိုင်ငံတချို့ အင်အားသေးငယ်သောနိုင်ငံများအပေါ် ကျွန်ပြုနိုင်အောင် Media ဖြင့် စိမ့်ဝင်ထိုးဖောက်သည့်နည်းဖြင့် အများဆုံးအသုံးပြု ဆောင်ရွက်လျက်ရှိ မိမိနိုင်ငံ ခေတ်သစ်နည်းဖြင့် ကျွန်ပြုမခံရရေးအတွက် ယနေ့လူငယ်များအား လွတ်လပ်ရေးနှင့်ပတ်သက်သော သတိပြုဖွယ် ကာကွယ် ထိန်းသိမ်းဖွယ်အသိများ ပညာပေး

ရန်ကုန် ဒီဇင်ဘာ ၁၂

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသည့် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် "ဖွံ့ဖြိုးသာစွ၊ တို့ပြည်အလှ"ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ စင်ထရယ်ဟိုတယ် ပတ္တမြားခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဆုရရှိသူများအား ဆုများချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ ဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီး ဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲအကဲဖြတ် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဓာတ်ပုံအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များ၊ ဆုရ ဓာတ်ပုံဆရာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ယခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲကို ရည်ရွယ်ချက်(၃)ရပ်ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ယင်းတို့မှာ ပြည်သူကို လွတ်လပ်ရေးနှင့်ပတ်သက်၍ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်၊ ကာကွယ် ထိန်းသိမ်းဖွယ်၊ အသိအမြင်များ ရရှိအောင် ဓာတ်ပုံပညာဖြင့် အသိပေးရန်၊ ကမ္ဘာ၏ ဓာတ်ပုံနည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ မိမိတို့၏ ဓာတ်ပုံနည်းပညာရော၊ ဓာတ်ပုံလုပ်ငန်းရှင်များပါ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြန်မာနိုင်ငံဓာတ်ပုံပညာရှင်များအသင်းအနေဖြင့်လည်း အခြားသော လူမှုရေးအသင်းအဖွဲ့များနည်းတူ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ကျယ်ပြန့်ထိရောက်စွာ တစ်ဖက်တစ်လမ်းက အကျိုးပြုဆောင်ရွက်နိုင်စေရန်တို့ပင် ဖြစ်ကြောင်း။

### မြှင့်တင်ပေး

ယခုနှစ်ယှဉ်ပြိုင်ခဲ့ကြသော ဓာတ်ပုံများကို ကြည့်လျှင် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ညွှန်းသည့် ဓာတ်ပုံပေါင်းများစွာပါရှိလာကြောင်း၊ ယင်းဓာတ်ပုံများသည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ခိုင်မာစွာ ထိန်းသိမ်းထားရှိနိုင်ခြင်း ဆိုသည့် အနက်အဓိပ္ပာယ်ကို ဖော်ညွှန်းနေသဖြင့် ပြည်သူလူထုအတွင်း မိမိနိုင်ငံ လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို လေးစားတန်ဖိုးထား၊ ထိန်းသိမ်းလိုစိတ်များကို မြှင့်တင်ပေးရာရောက်ပါကြောင်း။

### အရေးအပါဆုံးအခန်းကဏ္ဍ

ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အားလျော်စွာ ပညာရပ် အမျိုးမျိုးကို ခေတ်မီနည်းပညာသုံး၊ ပစ္စည်းကိရိယာများ၊ စာအုပ် စာတမ်းများ အပါအဝင် နယ်ပယ်အသီးသီးမှ တစ်ဆင့် သင်ယူကြလျက်ရှိရာ ယင်းနယ်ပယ်ကဏ္ဍများတွင် ဓာတ်ပုံသည် မဖြစ်မနေ ပူးတွဲပါဝင်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့အပြင် ယနေ့ သတင်းအချက်အလက် နည်းပညာ IT ခေတ်တွင် Media ၏ အခန်းကဏ္ဍသည် အရေးအပါဆုံးအခန်းကဏ္ဍတွင် ရှိပါကြောင်း၊ Media အခန်းကဏ္ဍတွင်လည်း ဓာတ်ပုံသည် အမြဲပူးတွဲ၍ ပါဝင်နေကြောင်း၊ ယနေ့အင်အားကြီးနိုင်ငံတချို့သည် အင်အားသေးငယ်သော နိုင်ငံများအပေါ် ခေတ်သစ်နည်းဖြင့် ကျွန်ပြုနိုင်အောင် နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ Media ဖြင့် စိမ့်ဝင်ထိုးဖောက်သည့်နည်းဖြင့် အများဆုံးအသုံးပြုဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံအား ခေတ်သစ်နည်းဖြင့် ကျွန်ပြုမခံရရေးအတွက် ယနေ့လူငယ်များကို လွတ်လပ်ရေးနှင့် ပတ်သက်သော သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်၊ ကာကွယ်ထိန်းသိမ်းဖွယ် အသိများကို ဓာတ်ပုံပညာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးသွားကြရမှာဖြစ်ကြောင်း။

ယနေ့ တိုးတက်လာသောခေတ်နှင့်အညီ ခေတ်မီဆန်းသစ်သည့် ဓာတ်ပုံ ရိုက် ကိရိယာများ၊ နည်းပညာများကို ဓာတ်ပုံပညာရှင်များအနေဖြင့် ခေတ်နှင့်အညီ လိုက်ပါ ဆည်းပူးကြပြီး ဓာတ်ပုံပညာနှင့် ပတ်သက်၍ ကမ္ဘာဖြင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးစားကြရင်း ဓာတ်ပုံပညာရှင်အသင်းအနေနှင့်လည်း သာမန်အသင်းလေး တစ်ခုမှ ဓာတ်ပုံပညာရှင်များ၏ဘဝ ဖွံ့ဖြိုးတိုးတက်ရန်၊ နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို ပိုမိုကျယ်ကျယ် ပြန့်ပြန့် အထောက်အကူပြုနိုင်ရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် မှာကြားသည်။





### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဒုတိယဆုရ ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။**

(သတင်းစဉ်)

### ဂုဏ်ပြုဆုငွေချီးမြှင့်

ယင်းနောက် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကိုကျင်းပရာ ရှေးဦးစွာ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက ပထမဆုရ အောင်ကျော်ထွန်း(ပုသိမ်ကြီး)၊ဒုတိယဆုရ ဝေကြည်မိုး(ရန်ကုန်တက္ကသိုလ်)နှင့် တတိယဆုရ ကျော်ကျော်ဝင်း (မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့အား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

### ပေးအပ်

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အထူးဆုရ ကိုကိုဆန်နီ (သင်္ဂြိုဟ်ရွှေရည်)၊ အထူးဆုနှစ်ဆုရရှိသူ ကျော်ဝင်းလှိုင် (ယဉ်ကျေးမှုတက္ကသိုလ်)နှင့် အထူးဆုရ သန်းထွန်းဦး(ဆောင်းနှင်း)တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက်မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက အထူးဆုရကျော်ကျော်ဝင်း (မြန်မာနိုင်ငံ ဓာတ်ပုံအသင်း)၊ အထူးဆုရ သားသူနှင့် အထူးဆုနှစ်ဆုရရှိသူ ကိုဦး( Image Hunter )တို့အားဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူးဗိုလ်မှူးကြီး အောင်မျိုးမြင့်က အထူးဆုရရှိကြသော ဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)နှင့် စိုးညွှန့်(ကြေးမုံ)တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုပေးအပ်ချီးမြှင့်သည်။

### ကျေးဇူးတင်စကား

ထို့နောက်ပြိုင်ပွဲတွင် ဆုရရှိသူများကိုယ်စားပထမဆုရ အောင်ကျော်ထွန်း (ပုသိမ်ကြီး)က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအထိမ်း အမှတ်အဖြစ် **"ဖွံ့ဖြိုးသာစွ တို့ပြည်အလှ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင် ၃၄ဦးက ဓာတ်ပုံပေါင်း ၁၀၆ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

### ကြည့်ရှုအားပေး

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ဆုရဓာတ်ပုံပညာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဆုရဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**

### မှတ်တမ်းတင်ဓာတ်ပုံရိုက်

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရဓာတ်ပုံပညာရှင်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)

# ပြည်ပမှ ထောက်ပံ့ငွေများ လက်ခံနေသည့် စုစုနွေး နောက်ပြန်လှည့်၍မရအောင် ချည်ပြီးတုပ်ပြီးဖြစ်နေမှုနှင့် ပတ်သက်၍ NLD ခြံတွင်းလူငယ်ဟောင်းအချို့ ဝေဖန်ပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၂

ဒေါ်စုကြည်၏နေအိမ်ခြံဝင်းအတွင်း နေထိုင်ခဲ့ကြသည့် NLD ခြံတွင်း လူငယ်ဟောင်းအချို့က ဒီဇင်ဘာ ၁၁ ရက်နံနက်ပိုင်းတွင် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာမှ စုစုနွေးကိုလည်းကောင်း၊ စုစုနွေးအား ထောက်ပံ့ပေးကမ်းမြှောက်စားနေသည့် ပြည်ပနိုင်ငံအချို့ကိုလည်းကောင်း ဝေဖန်ရှုတ်ချလျက်ရှိသည်ဟု သိရှိရသည်။

အဆိုပါ NLD ခြံတွင်း လူငယ်ဟောင်းအချို့က ပြည်ပနိုင်ငံကြီးအချို့သည် စုစုနွေးအား အသုံးချနေကြောင်း၊ စုစုနွေးသည် ပြည်ပနိုင်ငံများက ပေးကမ်းမှုကြောင့် မြန်မာငွေကျပ်သိန်း၂၀၀၀ခန့်ရရှိနေကြောင်း၊မကြာမီကလည်း ပြည်ပနိုင်ငံတစ်ခုက စုစုနွေးအား ဆုတစ်ဆုထပ်မံပေးခဲ့သည်ဟု ကြားသိရကြောင်း။

၎င်းတို့သည်"၈၈"အရေးအခင်းပြီးသွားချိန်မှစ၍ ဒေါ်စုကြည်၏ခြံအတွင်းနေထိုင်ပြီး ဒီမိုကရေစီရရှိရေးဆောင်ရွက်ခဲ့ကြောင်း၊ ထိုအချိန်က စုစုနွေးသည် ၎င်း၏ရွာ၌ ကောက်စိုက်နေချိန်ဖြစ်ကြောင်း၊ စုစုနွေးတွင် ဒီမိုကရေစီရရှိရေးနှင့်ပတ်သက်၍ နောက်ခံသမိုင်းကြောင်း ဘာမျှမရှိကြောင်း။

### မွေးမြူလေ့ကျင့်

စုစုနွေးသည် ရပ်ကွက်ဥက္ကဋ္ဌအား ပြန်လည်အမှုဖွင့်ခဲ့သည့် လုပ်ဆောင်မှုတစ်ခုသာရှိခဲ့ရာ ၎င်းတို့၏လုပ်ဆောင်နေမှုများနှင့်နှိုင်းယှဉ်လျှင် မိုးနှင့်မြေပမာ ကွာခြားနေကြောင်း၊ စုစုနွေးအား အမျိုးသမီးဖြစ်သည့်အတွက် အာဏာပိုင်များ၏ငဲ့ညှာထောက်ထားမှုအပေါ် အခွင့်ကောင်းယူပြီး ပြည်ပနိုင်ငံကြီးအချို့က နာမည်ကြီးအောင်၊ နာမည်ကြီးလာပါက ၎င်းတို့၏ အကျိုးစီးပွားအတွက် ရှေ့တန်းတင် အသုံးချနိုင်အောင် မွေးမြူလေ့ကျင့်ပေးနေဟန် တူကြောင်း။

### စိုးရိမ်ဖွယ်

ပြည်ပအဖွဲ့အစည်းများက ၎င်းတို့၏ လုပ်ရပ်များကို အလေးမထားဘဲ စုစုနွေးတို့ကဲ့သို့ နိုင်ငံတော်ကိုဆန့်ကျင်သူဖြစ်လျှင်ပြီးရော သဘောမှာ ပိုမိုပေါ်လွင်နေကြောင်း၊ စုစုနွေးသည်လည်း ပြည်ပနိုင်ငံများ၏ ထောက်ပံ့မှုကို လက်ခံနေသည့်အားလျော်စွာ နောက်ပြန်လှည့်၍ မရအောင် ချည်ပြီးတုပ်ပြီး ဖြစ်နေသဖြင့် ၎င်း၏ရှေ့ရေးအတွက် စိုးရိမ်ဖွယ်ပင်ဖြစ်ကြောင်းဖြင့် ဝေဖန်ပြောဆိုလျက်ရှိသည်ဟု သတင်းရရှိသည်။ **(က-ပ)**

# သမ္မာဆန္ဒ ဆွမ်းကြီးလောင်းပွဲတော်

ရန်ကုန် ဒီဇင်ဘာ ၁၂

သာယာဝတီမြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော သမ္မာဆန္ဒဆွမ်းကြီးလောင်းပွဲတော်၏ (၂၈)ကြိမ်မြောက်ဆွမ်းကြီးလောင်းပွဲတော်ကို ယခုနှစ်တွင် ဒီဇင်ဘာ၂၆ရက်မှ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၂ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ သာယာဝတီမြို့နယ် အသင်းဝင်များနှင့် အဝေးရောက်မြို့နယ်သားများအနေဖြင့် သွားရောက် ပါဝင်လှူဒါန်းကြပါရန် သာယာဝတီမြို့နယ်အသင်း (ရန်ကုန်)က နှိုးဆော်ထားသည်။

**(မြန်မာ့အလင်း)**

# နေပြည်တော်၊ စေတီတော်နှင့် ရွှေပြည်တော်

## ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

### နေပြည်တော်

နိုင်ငံ၏အဓိပတိဘုရင်မင်းမြတ် စံတည်နေရာ နိုင်ငံ့ဗဟိုချက် ပထဝီအဝန်းအဝိုင်းတစ်ရပ်ကို နေပြည်တော်ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ကြ၏။ မြန်မာ့သမိုင်း၌ ပုဂံနေပြည်တော်မှစ၍ ရတနာပုံရ မန္တလေးနေပြည်တော်အထိ ဘုရင့်နေပြည်တော်များ အဆက်ဆက် ကာလစီးကြောင်းနှင့်အတူ ပြောင်းလဲဖြစ်တည်ခဲ့ကြ၏။

ထိုမှ နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ခဲ့ရသော အခါ နေပြည်တော်သည် သုဉ်းသွားခဲ့ရပြီး နောင်လွတ်လပ်ရေးပြန်လည်ရရှိ၍ ရွှေရတုကာလကို လွန်မြောက်ခဲ့သည့်တိုင်အောင် နေပြည်တော်ဟု ပေါ်ပေါ်ထင်ထင် မတည်ထောင်နိုင်ခဲ့ချေ။

ယနေ့ကာလတွင်သော်ကား မြန်မာနိုင်ငံ၏ နှလုံးသည်းပွတ် အထွတ်တစ်နေရာ၌ နေပြည်တော်ဟု ထင်ပေါ်ကျော်ကြားသော အဝန်းအဝိုင်းတစ်ရပ် ဖြစ်ထွန်းလာလျက်ရှိချေပြီ။ ယင်း၂ရာစု နေပြည်တော်၏ အထိမ်းအမှတ်သင်္ကေတသည် အနော်ရထာ၊ ဘုရင့်နောင်နှင့် အလောင်းမင်းတရား ဟူသော နိုင်ငံ့ဂုဏ်ဆောင် မင်းသုံးပါးရုပ်တုများ ဖြစ်၏။ နေပြည်တော်၏ ဗိသုကာသည် ယနေ့တပ်မတော်အစိုးရဖြစ်၏။

နေပြည်တော်၌ ၂၀၀၆ခုနှစ် တပ်မတော်နေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာကျင်းပနိုင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကြီးကို စနစ်တကျ ကျင်းပနိုင်ခြင်းများအပြင် နိုင်ငံတကာအစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်း အကြီးအကဲများ အလေးအမြတ်ပြုအပ်သည့် မြေမြတ်ရပ်ဝန်းလည်း ဖြစ်လာလျက်ရှိ၏။

**ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ တာဝန်ဝတ္တရားများ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရေး၊ ယင်းသို့ ကျန်းမာ၊ ချမ်းသာ တာဝန်ကျေစွာ ထမ်းဆောင်နိုင်ခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကိုလျင်မြန်စွာ ဖြည့်ဆည်း ပေးနိုင်စေရေး စသည့် အမွန်အမြတ် ရည်မှန်းချက်များ ထိရောက်အောင်မြင်အောင် ထက်မြက်စွာ ကြိုးပမ်းနေသော နေပြည်တော်အဖြစ် ထွန်းသစ်ရှင်သန်လာနေ။**

**စေတီတော်တည်ရှိရာ ကုန်းမြေမြင့်သည် နေပြည်တော်၌ အထွတ်အမြတ် နေရာတော်ဖြစ်၏။ ထို့ကြောင့် ဥပ္ပါတသန္တိ စေတီတော်ကြီး တည်ထားကိုးကွယ်မှု အောင်မြင်ပြီးမြောက်ပါမှ နေပြည်တော်သို့ မည်သည့်အရပ်မှ မည်သည့်ယာဉ်စီးလာသည် ဖြစ်စေ အဝေးမှအဦးဆုံး ဖူးတွေ့ရမည်မှာ ရွှေသားရွှေရည် လဲ့လဲ့ကြည်သော စေတီတော်ကြီးသာ...။**

(ခ)

### စေတီတော်

မြန်မာ့ရေမြေ၏ အမြင့်နေရာများဖြစ်သည့် တောင်ကုန်းများ၊ တောင်ထွတ်များနှင့် လူများအသွားအလာလွယ်ကူသော နေရာများ၌ တည်ထားကိုးကွယ်အပ်သည့် မြတ်ဗုဒ္ဓဓာတ်တော်များ ကိန်းဝပ်စံပယ်အပူဇော်ခံရာ ရုပ်ဒြပ်ပုံမြတ်ကို စေတီတော်ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့ကြ၏။ ကမ္ဘာ့ပထမဦးဆုံး စေတီတော်ဖြစ်သည့် ရန်ကုန်မြေ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကမ္ဘာ့အံ့ဖွယ်လည်းဖြစ်သကဲ့သို့ နိုင်ငံတော့်မျက်နှာလည်း ဖြစ်လျက်ရှိ၏။

ရန်ကုန်မြေ ရွှေတိဂုံစေတီတော်ကြီးမှာ မူလအမြင့်ပေ ၆၆ပေရှိခဲ့ရာ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တို့ ဆက်လက်ပြုပြင် မြှင့်တင်မွမ်းမံခဲ့ကြခြင်းဖြင့် ယနေ့ဉာဏ်တော်အမြင့်မှာ ၃၂၆ပေ မြင့်မားလျက်ရှိတော်မူ၏။

ယခုအခါဝယ် ယင်းရွှေတိဂုံစေတီတော်ပုံတူ စေတီတော်ကြီး တစ်ဆူသည် နေပြည်တော်၌ ပွင့်ပေါ်ထွန်းသစ်လာတော့မည်ဖြစ်၏။ စေတီတော်ကြီး၏ ဘွဲ့တော်မှာ ဥပ္ပါတသန္တိစေတီတော် ဖြစ်၏။ ဉာဏ်တော်အမြင့်မှာ ၃၂၅ပေ ရှိတော်မူမည် ဖြစ်ပါသည်။

(ဂ)

မကြာမီရက်ပိုင်းအတွင်းက နေပြည်တော်ကိုလည်းကောင်း၊ စေတီတော်ကိုလည်းကောင်း မျက်ဝါးထင်ထင် ထဲထဲဝင်ဝင် သိမြင်လေ့လာခဲ့ရပါ၏။ ဤဆောင်းပါးသည် ယင်းခရီး၏ မှတ်တမ်းအကျဉ်းဖြစ်ပါသည်။

ပျဉ်းမနားမြို့ရှိ ဆင်ရတနာလမ်းခွဲမှ အနောက်ဘက်သို့ ဆက်လက်ထွက်ခွာလာလျှင် ခံ့ညားသော အဝိုင်းကြီးတစ်ဝိုင်းသို့ တူရူရောက်ရှိ၏။ ယင်းအဝိုင်းကြီးသည် ရန်ကုန်မြေ ဗဟန်းအဝိုင်း၊ ဦးဝိစာရအဝိုင်းတို့ထက် ပို၍ ကျယ်ပြန့်မြင့်မား၏။ အဝိုင်းကြီးကို အလှဆင်ထားပုံမှာလည်း အနုပညာမြောက်သည်ဟု ကောက်ချက်ချနိုင်၏။

ယင်းအဝိုင်းကြီးမှ ဖြာထွက်သွားသော လမ်းမများ တစ်ဖက်တစ်ချက်၌ ဝန်ကြီးများမှသည် အောက်ခြေဝန်ထမ်းများအထိ နေထိုင်ရာ လူနေရပ်ကွက်အဝန်း၊ ဝန်ကြီးဌာနအလျောက် အကွက်လိုက်၊ အကန့်လိုက်၊ တစ်ဌာနချင်း၊ တစ်ဆက်တစ်စပ်တည်းတည်ရှိရာ ရုံးမြေအဝန်းစသည် စသည်ဖြင့် စနစ်တကျ၊ ပုံစံတကျ အကွက်ချ တည်ဆောက်ထားရှိ၏။

ဝန်ကြီးဌာနရုံးတိုင်း ရုံးတိုင်းပုံစံတူ၊ အသွင်တူ တည်ဆောက်ထားရှိပြီး ဝန်ထမ်းအားလုံးတစ်နေရာတည်းမှာ အထက်အောက်အပြန်အလှန် လွယ်ကူစွာ ဆက်သွယ်ဆောင်ရွက်နိုင်သကဲ့သို့ ပြည်သူများအတွက် တိကျမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်မည့် နိမိတ်ပုံ၊ အရိပ်ပုံများ၊ ဝန်ကြီးရုံးတိုင်း ထင်ဟပ်ပြိုးပြက်နေလေ၏။

နေပြည်တော်ကို မျက်ဝါးထင်ထင် စုံစုံလင်လင် တွေ့မြင်လေ့လာသိရှိ ရသောအခါ၌ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ခြယ်သမည့် မြေမြတ်မဟာအဖြစ် ဝမ်းသာမဆုံး၊ ဂုဏ်ယူမဆုံး ခံစားရသည်ကား အမှန်ဖြစ်ပါတော့၏။

(ဃ)

နိုင်ငံတော်က နေရေး၊ သွားလာရေးအတွက် တာဝန်ယူထားပြီး စားရေး၊ ဝတ်ရေးအတွက်လည်း နေပြည်တော်ဈေးသစ်ကြီးကို ဖွင့်လှစ်ထားရှိပေးထားပြီး ကျန်းမာရေးအတွက် ခုတင်(၃၀၀) ဆေးရုံကြီးကို ဖွင့်လှစ်ထားရှိပေးပါသည်။

**ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာ တာဝန်ဝတ္တရားများ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ရေး၊ ယင်းသို့ ကျန်းမာ၊ ချမ်းသာ တာဝန်ကျေစွာ ထမ်းဆောင်နိုင်ခြင်းဖြင့် ပြည်သူ့အကျိုးစီးပွားကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်စေရေး စသည့် အမွန်အမြတ်ရည်မှန်းချက်များ ထိရောက်အောင်မြင်အောင် ထက်မြက်စွာ ကြိုးပမ်းနေသော နေပြည်တော်အဖြစ် ထွန်းသစ်ရှင်သန်လာနေ**ပါသည်။

ယင်းကိုပင် သာသနာ့ရှုထောင့်မှ ကြည့်လျှင် **"လောကီအကျိုးစီးပွား"** ဟု မြင်ရသလို **"လောကုတ္တရာအကျိုးစီးပွားရော"**ဟု မေးလျှင် အသင့်ဖြေဆိုနိုင်သည်ကတော့ **"ဟောဒီမှာ--- ဥပ္ပါတသန္တိစေတီတော်"**ဟု ဖြစ်ပါ၏။

(င)

### ဥပ္ပါတသန္တိ စေတီတော်

**ဥပ္ပါတ** = ကျရောက်လာသည့်ဘေးရန်အန္တရာယ်အဖျက်အမှောင့်ဟူသမျှ +
**သန္တိ** = ချုပ်ငြိမ်း၍ အေးချမ်းခြင်း။

နက်ရှိုင်းသော အဓိပ္ပာယ်အတ္ထ၊ ခိုင်မတ်သော ယုံကြည်မှုသဒ္ဓါ၊ ဖြူစင်ထက်မြက်သော စိတ်ကောင်းစေတနာတို့ဖြင့် နိုင်ငံတော်အဆင့် တည်ထားကိုးကွယ်မည်ဖြစ်သော ဥပ္ပါတသန္တိ စေတီတော် ရတနာပန္နက်တော်တင် တွင်းတော်ဝန်း မင်္ဂလာအခမ်းအနားကြီးကို နေပြည်တော်ရှိ စေတီတော်တည်ထားမည့် ကုန်းတော်မင်္ဂလာမဏ္ဍပ်၌ ၁၂–၁၁–၂၀၀၆ရက် နံနက် ၈ နာရီ ၁၅ မိနစ်တွင် စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက် ကြည်ညို၍ မဟာဗောဓိပင်မြတ် စိုက်ပျိုးပူဇော်ပေးပုံများကို ညရှစ်နာရီ သတင်းဝယ် မြိုင်မြိုင်ဆိုင်ဆိုင် ထုတ်လွှင့်သကဲ့သို့ နောက်တစ်နေ့ သတင်းစာများတွင် ဝေဝေဆာဆာဖော်ပြခဲ့ရာ ဗုဒ္ဓဘာသာကို ကြည်ညိုမြတ်နိုးကြသူတိုင်း ပီတိလှိုင်းခတ် ဓာရပတ် ဖျတ်ဖျတ်စောခဲ့ကြပြီးကုန်ပြီ။

ဥပ္ပါတသန္တိစေတီတော်ကြီးမှာ ရွှေတိဂုံပုံတူဖြစ်ပြီး ဉာဏ်တော်အမြင့် ၃၂၅ ပေရှိမည်ဖြစ်ကာ ယင်းစေတီတော်ကြီးနှင့်အတူပေ ၁၇၀ X ၁၄၄ပေရှိ သာသနာ့ဗိမာန်တော်၊ ပေ၉၀ X ၃၆ပေရှိ သံဃာရာမအဆောင်လေးဆောင်၊ ဘုန်းတော်ကြီးကျောင်းတစ်ဆောင်၊ ၄၅ပေပတ်လည်သိမ်တော်၊ ပေ ၄၀၀ ပတ်လည်ရေကန်တော်၊ ပေ ၁၅၀ပတ်လည် အရှင်ဥပဂုတ္တကန်တော်နှင့် ပေ ၃၀၀ X ပေ ၁၅၀ရှိ ဗောဓိဉယျာဉ်တော်တို့ကိုလည်း တည်ထားပူဇော်မည်ဖြစ်ပါသည်။

(စ)

**စေတီတော်တည်ရှိရာ ကုန်းမြေမြင့်သည် နေပြည်တော်၌ အထွတ်အမြတ် နေရာတော်ဖြစ်၏။ ထို့ကြောင့် ဥပ္ပါတသန္တိစေတီတော်ကြီး တည်ထားကိုးကွယ်မှု အောင်မြင်ပြီးမြောက်ပါမှ နေပြည်တော်သို့ မည်သည့်အရပ်မှ မည်သည့်ယာဉ်စီးလာသည်ဖြစ်စေ အဝေးမှအဦးဆုံး ဖူးတွေ့ ရမည်မှာ ရွှေသားရွှေရည် လဲ့လဲ့ကြည်သော စေတီတော်ကြီးသာ** ဖြစ်ပါလိမ့်မည်။

နေပြည်တော်နှင့် စေတီတော် အပေါင်းလက္ခဏာ၏ ရလဒ်သည် အနာဂတ် ရွှေပြည်တော်သို့ ဦးတည်နေပါ၏။ ယင်းရွှေပြည်တော်သည်ကား အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ ရွှေပြည်တော် ဖြစ်ပါသတည်း။ ။



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ပန်းဘဲတန်းမြို့နယ် ၂၇ လမ်းနေ နှစ်ဖက်သော မိဘများနှင့် သားကြီး မောင်ပြည့်စုံအား ရည်စူး၍ ဦးရန်နိုင်–ဒေါ်အုန်းကြည်၊ သား မောင်သူရအောင် မိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ အကျိုးတော်ဆောင် ဆရာတော် မဟာသိမ်တော်ကြီး စာချနာယက အရှင်ဂန္ဓသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

## သမထ ဝိပဿနာ တရားပွဲများ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာတရားတော်များကို ဒလ–အုံ့ကြီး ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ (ဒလ–အုံ့ကြီး)က ဒေါပုံမြို့နယ် ဝါဆိုမှတ်တိုင်အနီး ပြာဿဒ်ပရိယတ္တိ စာသင်တိုက်ကြီးတွင် ဒီဇင်ဘာ ၁၅ ရက်မှ ၂၁ ရက်အထိ ညနေ ၆ နာရီမှ ၇ နာရီခွဲအထိလည်းကောင်း၊ ခုနစ်ရက် တရားစခန်းကြီးကို ဓမ္မရသရိပ်သာ (ဒလ–အုံ့ကြီး) တွင် ဒီဇင်ဘာ ၂၁ ရက် ညနေမှ ၂၈ ရက် နံနက်အထိ လည်းကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံကြီးတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၇ ရက်အထိ ညနေ ၆ နာရီမှ ၇နာရီခွဲအထိလည်းကောင်း၊ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရှင်သာမဏေဓမ္မဗိမာန်တွင် ဇန်နဝါရီ ၈ ရက်မှ ၁၄ရက် အထိ ညနေ ၅ နာရီမှ ၆ နာရီခွဲအထိလည်းကောင်း ဟောကြားပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃–၁၂–၂၀၀၆ရက်**
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၅ ၈။ ဖြူးချောင်းတံတား
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice in Reading
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ **"သတိတစ်ချက် တစ်သက်အမှား"** ကျော်မင်းနောင်၊ ကြည်လဲ့လဲ့ဦး၊ နန်းကလျာလှိုင်၊ သကြိန်အောင် (ဒါရိုက်တာ–စောစန္ဒာလှိုင်)
- ၁၇:၃၅ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ Guinness World Records
- ၁၉:၂၀ ၁၄။ **"လက်တွေ့ပြချင်လို့"** ဖြိုးငွေစိုး၊ မြတ်ကေသီအောင် (ဒါရိုက်တာ ကြည်စိုး)
- ၁၉:၃၅ ၁၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၁၉:၄၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ မြန်မာရုပ်ရှင် **"ကောလိပ်ဂျင်"** ကောလိပ်ဂျင်နေဝင်း၊ မြင့်မြင့်ခင် (ဒါရိုက်တာ–ဦးချင်းစိန်)

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း နှစ်ပတ်လည်စည်းဝေးမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

မြန်မာနိုင်ငံ ပင်လယ်ကူး သင်္ဘောသားများအသင်း၏ စတုတ္ထအကြိမ် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၁၇ရက်(တနင်္ဂနွေနေ့)နံနက် ၉နာရီတွင် တာမွေမြို့နယ်၊ နတ်မောက်လမ်းရှိ Hotel Nikko Royal Lake ၌ ကျင်းပမည်ဖြစ်ရာ အသင်းသားများ တက်ရောက်ကြရန် နှိုးဆော်ပြီး နှစ်ပတ်လည်အစည်းအဝေးသို့ တက်ရောက်လိုသည့် အသင်းသားများသည် အသင်းရုံးတွင် ဖိတ်စာများ လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

(က–ပ)

## မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ ၁၀ရက် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ်ကျင်းပသော ဝါပ ၁၀ရက်တရားစခန်းပွဲများအဖြစ် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၅ ရက်မှ ၁၄ရက်အထိ ပခုက္ကူဆရာတော်ဦးသုန္ဒရကလည်းကောင်း၊ ၂၀ ရက်မှ ၂၉ရက်အထိ အောင်ဆန်းဆရာတော်ဦးသဒ္ဓမ္မကိတ္တိသာရကလည်းကောင်း၊ ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်အထိ ဝမ်းသာရွှေကျောင်းဆရာတော်ဦးကုဏ္ဍလက လည်းကောင်း၊ ၂၀ရက်မှ မတ် ၁ ရက်အထိ ဓမ္မိကာရာမကျောင်း ဆရာတော် ဦးသြဘာသကလည်းကောင်း၊ မတ် ၅ ရက်မှ ၁၄ ရက်အထိ မဏိရတနာ မိုးကုတ်ကျောင်းမှ သွေးဆေးကန်ဆရာတော် ဦးတေဇိန္ဒက လည်းကောင်း၊ ၂၀ ရက်မှ ၂၉ ရက်အထိ ပျော်ဘွယ်ဆရာတော်ဦးကေသဝက လည်းကောင်း၊ ဧပြီ သင်္ကြန်အထူးတရား စခန်းပွဲကို ဧပြီ ၅ရက်မှ ၁၆ရက်အထိ ဒွိပိဋက ဓရ မဏိရတနာကျောင်း ဆရာတော် ဦးပဏ္ဍိတက လည်းကောင်း၊ ၂၀ ရက်မှ ၂၉ရက်အထိ အောင်ခေမာဆရာတော် ဦးခေမာစာရတို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဝိပဿနာ အလုပ်ပေး တရားတော်များ ဟောကြားမည် ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**



ဦးသန်းဝင်း (၃)နှစ် ပြည့်အားရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ်၊ ပါရမီကွန်ဒို (7+1) A-အခန်း ၄၀၃ နေ ဒေါ်ထွေးကြည် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စ ကား ဝါ လမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက် ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## ပထမအဆင့် လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ကြီးမှူးကျင်းပမည့်(အမျိုးသားတံခွန်စိုက်) ပထမအဆင့် လက်ရည်စစ် စစ်တုရင်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ အောင်ဆန်း အားကစားပြိုင်ဝင်းတွင် ကျင်းပမည်ဖြစ်သည်။

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပါဝင်ယှဉ်ပြိုင်လိုကြသည့် အားကစားသမားများသည် ဒီဇင်ဘာ ၂၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည် ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၃-၁၂-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ကလေးများနှင့်ကျန်းမာရေး (ဒေါက်တာခင်စံပယ်အေး) |
| ၇:၁၀ | တေးဂီတအစီအစဉ် |
| ၇:၁၅ | သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်းချမ်းသာခြင်း) |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၇:၅၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈:၀၅ | ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်းထောက်ကြန့် ကလေးပြုစုရေးဌာန |
| ၈:၂၀ | တေးဂီတအစီအစဉ် |
| ၈:၂၅ | Business Talk [ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့် (FMI)] |
| ၉:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉:၁၀ | တစ်ကျော့ပြန်တီဘီ (အပိုင်း-၁) (ဒေါက်တာဇော်) |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | မိုးလေဝသခန့်မှန်းချက် |
| ၉:၃၅ | Midweek Sports News |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | မြန်မာ-ကိုရီးယား ပူးပေါင်းဓာတ်ပုံပြပွဲ |
| ၁၀:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀:၂၅ | Myanmar Video Rhythm |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၁၅ | အဏုဇီဝတွင်းထွက် ရတနာ |
| ၁၁:၂၅ | တေးဂီတအစီအစဉ် |
| ၁၁:၃၀ | ရှင်မြူးသံဖြာ ကလေးကဗျာ |
| ၁၁:၄၅ | တေးဂီတအစီအစဉ် |
| ၁၁:၅၀ | အဏ္ဏဝါထဲမှ ရတနာ(ကဏန်းပျော့) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၀၀ | Wigan-Arsenal | 5-Sports(Live) |
| ၂:၀၀ | Chelsea-Newcastle | 5-Series (Live) |

# မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အနုပညာပြပွဲ ဖွင့်ပွဲ မန္တလေးတွင်ကျင်းပ

## လူငယ်များလေ့လာနိုင်ရန် ပန်း ၁၀ မျိုးပြကွက် ခင်းကျင်းပြသထား

## မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု လေ့လာနိုင်

ရန်ကုန် ဒီဇင်ဘာ ၁၂

**ယဉ်ကျေးမှုဝန်ကြီးဌာနဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)၏ ၂၀၀၆ခုနှစ် မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အနုပညာပြပွဲ၊ ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၀ရက် မွန်းလွဲ၂နာရီခွဲက မန္တလေးမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော် တက်ရောက်၍ အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။** (အောက်ပုံ)



အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ကော်မတီဝင်များ၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးသောင်းဟန်တို့က မြန်မာနိုင်ငံ ပန်းချီ၊ပန်းပု အနုပညာပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲခင်းကျင်းပြသထားသည့် ခန်းမအတွင်း ဝင်ရောက်ကြရာ မြန်မာနိုင်ငံရိုးရာ ပန်းပညာရှင်များ အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးသောင်းဟန်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ပုံတူ ဆီဆေးပန်းချီကားချပ်ကြီးကို ပြပွဲအထိမ်းအမှတ်အဖြစ် တိုင်းမှူးအား ဂါရဝပြု ပေးအပ်လှူဒါန်းသည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ ဇနီးနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြခန်းအတွင်း ခင်းကျင်း ပြသထားသည့် ပန်းချီ၊ ပန်းပု ပညာရှင်များ၏ အနုပညာလက်ရာများကို လိုက်လံကြည့်ရှု အားပေးကြသည်။

အဆိုပါပြပွဲတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ အစည်းအရုံးဝင်ပန်းချီ၊ ပန်းပု ပညာရှင်များ၏ ပန်းချီကား ၇၉၆ကားနှင့် ပန်းပု ၉၄ရုပ် ခင်းကျင်းပြသထားပြီး မျိုးဆက်သစ်လူငယ်များ လေ့လာနိုင်ရေးအတွက် ပန်း၁၀မျိုးပြကွက်များကိုလည်း ခင်းကျင်းပြသထားသည်။

ပြပွဲကြီးကို ဒီဇင်ဘာ ၁၀ရက်မှ ၁၆ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသသွားမည်ဖြစ်၍ မည်သူမဆို အခမဲ့ဝင်ရောက် လေ့လာကြည့်ရှု အားပေးနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဒီဇင်ဘာ၆ ရက်က တာမွေမြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေး ဆိုင်ရာ လုပ်ငန်းများအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ခရိုင်မီးသတ်ဦးစီးအရာရှိ ရဲသူရိန်သိန်းမြင့်နှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး၊ တပ်ဖွဲ့ဝင်များအားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။ (က-ပ)



ဒီဇင်ဘာ ၁၀ ရက်က အထက(၁) မြောက်ဥက္ကလာပမြို့နယ်၏ ၂၀၀၅-၂၀၀၆ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲတွင် တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရှင် မခင်နှင်းဝေအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဦးအောင်ကြည်မြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

## သာသနဟိတဓမ္မာရုံ ငွေရတုဓမ္မသဘင်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် သီတာလမ်း သာသနဟိတ ဓမ္မာရုံကြီးတွင် သာသနာပြု ဓမ္မကထိက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။

ဒီဇင်ဘာ ၁၅ ရက်တွင် ဘဒ္ဒန္တ သီလာစာရ မြို့နယ်အကျိုးတော်ဆောင်ဆရာတော်၊ ၁၆ ရက်တွင် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ မဟာကမ္မဋ္ဌာနာစရိယ အောင်ဆန်းဆရာတော်၊ ၁၇ ရက်တွင် အရှင်သုမင်္ဂလာ(ဝေါ) သာသနာ့ တက္ကသီလမဟာဓမ္မာစရိယ(M.A)၊ ၁၈ရက်တွင်အရှင်ကောသလ္လ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ၊ ၁၉ ရက်တွင် အရှင်ပဏ္ဏဝံသ မိုးကုတ်ဝိပဿနာ နယ်သာသနာပြု ဓမ္မကထိက၊ ၂၀ရက်တွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ ဓမ္မကထိက ဗဟုဇန ဟိတဓရ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ရန်ကုန်၊ ၂၁ ရက်တွင် အရှင်အာသဖ ရပ်ကွက်အကျိုးတော်ဆောင် ဆရာတော်၊ ၂၂ ရက်တွင် ဒေါက်တာအာဒိစ္စဝံသ သာသန ဓဇသိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ (Ph. D, M. Phil, M.A. (Pali), B.A, Eco)ပါမောက္ခ မဟာဌာနမှူး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ရန်ကုန်၊ ၂၃ရက်တွင် ဘဒ္ဒန္တဥတ္တမ အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ ဒုတိယပါမောက္ခချုပ် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ရန်ကုန်၊ ၂၄ ရက်တွင် ဒေါက်တာ စန္ဒာဝရာဘိဝံသ မိုးကုတ်အဖွဲ့ချုပ် နာယက အပြည်ပြည်ဆိုင်ရာ သာသနာပြု တက္ကသိုလ်(ရန်ကုန်)၏ ပါမောက္ခမဟာဌာနမှူး သ-အ-စ ဓမ္မာစရိယ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ (M.Aသီရိလင်္ကာ)၊ (Ph.Dအိန္ဒိယ)၊ ၂၅ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ယော) ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားကြမည်ဖြစ်သည်။ **(က-ပ)**

# မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၆) ငါးလုပ်ငန်းအဖွဲ့ချုပ်ဝင်းအတွင်း စည်ကားစွာကျင်းပမည် ထူးကဲအရသာရှိ ငါး၊ ပုစွန်ချက်ပြုတ် ပြိုင်ပွဲများပါဝင်

တွေ့ဆုံမေးမြန်းသူ-မြင့်စိုး၊ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၂

**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းသည် ပြည်တွင်းစားသုံးမှုကို ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ခြင်းဖြင့် နိုင်ငံခြားငွေ တိုးတက်ရှာဖွေပေးလျက်ရှိသည်။**

မြန်မာနိုင်ငံရေထွက်ပစ္စည်းများဖြစ်သည့် ငါးအမျိုးမျိုး၊ ပုစွန်နှင့် ကဏန်းကဲ့သို့သော ထုတ်ကုန်ပစ္စည်းများသည် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ရောင်းချနေပြီဖြစ်၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များပါ တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့သည်။

**ထူးကဲသော**

ယခုအခါ မြန်မာ့ရေထွက်ပစ္စည်းများ၏ ကောင်းခြင်းဖြင့် ပြည့်စုံ၍



**မြန်မာနိုင်ငံရေထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် ပြည်တွင်းစားသုံးမှုကို ဖူလုံစေရုံသာမက ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေများ တိုးတက်ရှာဖွေပေးလျက်ရှိပါတယ်။**

ဦးဟန်ထွန်း ဒုတိယဥက္ကဋ္ဌ(၁)
ဈေးပွဲတော်ကျင်းပရေးဇဟိုကော်မတီ
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ထူးကဲသော အရသာကို ပြည်တွင်းစားသုံးသူများ ပြည့်ပြည့်စုံစုံသိရှိနိုင်ရန်လည်းကောင်း၊ ငါးကဲ့သို့သော ရေထွက်ပစ္စည်းများ စားသုံးခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ကြောင်းကို အများပြည်သူများသိရှိလာပြီး အမျိုးသားကျန်းမာရေးကဏ္ဍ အထောက်အကူပြုစေရန်လည်းကောင်း၊ နိုင်ငံတော်အတွင်း ရေထွက်ပစ္စည်းများ ထုတ်လုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်လာရန်လည်းကောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့လျက် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်ရရှိစေရန် လည်းကောင်း၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် နှစ်ပတ်လည်ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၆)ကို မကြာမီ စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်သည်။

အဆိုပါ ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၆)ကျင်းပမည့် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်သို့ မြန်မာ့အလင်းသတင်းအဖွဲ့က မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် ကျင်းပမည့် အစီအစဉ်များနှင့် ပတ်သက်၍ သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**လမ်းညွှန်ချက်**

အဆိုပါ မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကို မြန်မာနိုင်ငံ ငါးလုပ်ငန်း အဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး၏ ဦးဆောင်မှုဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း၊ ယင်းမြန်မာ့ ရေထွက်ပစ္စည်းဈေးပွဲတော်ကို ဒီဇင်ဘာ ၁၅ ရက် ညနေပိုင်းမှစ၍ ဒီဇင်ဘာ ၁၇ ရက်အထိ ခင်းကျင်း ရောင်းချသွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာ ၁၆ ရက် နှင့် ၁၇ ရက်များတွင် နေ့စဉ်နံနက် ၉ နာရီမှ ည ၁၀နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များနှင့်အတူ ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော်ကျင်းပရေး တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြိုင်က ဦးစွာ မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။



**မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို အများပြည်သူများအရသာထူးကဲသော ရေထွက်ပစ္စည်း များ ၏ ကောင်းမွန်ခြင်းကို ပိုမို သိရှိ စားသုံးနိုင်ရန် ကျင်းပခြင်းဖြစ်ပါတယ်။**

ဦးဝင်းကြိုင်
ဈေးပွဲတော်ကျင်းပရေးတွဲဖက်အတွင်းရေးမှူး
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ယင်းနောက် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဈေးပွဲတော်ကျင်းပရေးဇဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးဟန်ထွန်းက ငါးလုပ်ငန်းအဖွဲ့ချုပ်၏သမိုင်းကြောင်းနှင့် ပတ်သက်၍ ဆက်လက်ရှင်းလင်း ပြောကြားရာ "မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ကို ၁၉၉၈ခုနှစ် ဒီဇင်ဘာ ၁ရက်က မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ ကူညီအားပေးမှုဖြင့် မူလမြန်မာနိုင်ငံ ငါးလုပ်ငန်းအသင်းမှ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်အဖြစ် အဆင့်မြှင့်တင်ဖွဲ့စည်းခဲ့ပါတယ်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ဟာ ၂၀၀၂ခုနှစ် စက်တင်ဘာ ၁၈ရက်မှာ အာဆီယံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ အဖွဲ့ဝင်လဲ ဖြစ်လာခဲ့ပါတယ်"ဟု ပဏာမရှင်းလင်းပြောကြားသည်။

"မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်ရဲ့လုပ်ငန်းစဉ်တွေကတော့ ပထမ အသင်းဖွဲ့စည်းရေးဖြစ်ပြီး၊ ဒုတိယ အနေဖြင့် တည်ဆောက်ရေးအပိုင်းများဖြစ်ပါတယ်။ တတိယအနေဖြင့် ငါးလုပ်ငန်းများ ဖွဲ့စည်းလုပ်ကိုင်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြန်မာနိုင်ငံမှာ ငါးသယံဇာတများ ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်သွားရေးဆိုတာတွေပဲဖြစ်ပါတယ်"ဟုငင်းက ဆက်လက် ပြောကြားသည်။

**ဖွဲ့စည်းထား**

ယခုအခါ ပထမအပိုင်းဖြစ်သည့် ချင်းပြည်နယ်မှလွဲ၍ ကျန်ပြည်နယ်နှင့်တိုင်းများတွင် ငါးလုပ်ငန်းအဖွဲ့ချုပ်များ ဖွဲ့စည်းထားပြီဖြစ်ကြောင်း သိရသည်။



## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်အဆောက်အအုံ

**မြန်မာ့ရေထွက်ပစ္စည်းဈေးပွဲတော် (၂၀၀၆) စည်ကားစွာကျင်းပမည့် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အဆောက်အအုံကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

တစ်ဖန် မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကျင်းပရေးနှင့် စပ်လျဉ်း၍ ဈေးပွဲတော်ကျင်းပရေး အတွင်းရေးမှူး ဦးကြီးငွေက ဆက်လက် ရှင်းပြရာ "မြန်မာ့ရေထွက်ပစ္စည်း ပွဲတော်ဖွင့်ပွဲ



**မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်ကို အချက်အပြုတ် ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အကောင်းဆုံး စည်စည်ကားကား ဖြစ်အောင် ဆောင်ရွက်ထားပါတယ်။**

ဦးကြီးငွေ
ဈေးပွဲတော်ကျင်းပရေးအတွင်းရေးမှူး
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်။
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ကျင်းပမယ့် ဒီဇင်ဘာ ၁၅ရက် ညနေပိုင်းမှာ မြန်မာနိုင်ငံစားဖိုမှူးများအသင်းနှင့် ပူးပေါင်းပြီး ပြိုင်ပွဲဝင်များဖြစ်တဲ့ ဟိုတယ်နှင့်မိုတယ်များပါဝင်မှာ ဖြစ်ပါတယ်။ ဟိုတယ်များပါဝင်တဲ့ ပြိုင်ပွဲဝင်အဖွဲ့ ၁၅ဖွဲ့က တီလားပီးယား၊ ငါးတန်နှင့် ပုစွန်ဖြူသုံးမျိုးကို မြန်မာ့ရိုးရာချက်ပြုတ်နည်းစနစ်အတိုင်း ပြိုင်ပွဲဝင်ရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။ ယင်းတို့အား အကဲဖြတ်အမှတ်ပေးခြင်းများကို ဖိတ်ကြားထားတဲ့ NGO များ၊ သတင်းနှင့်စာနယ်ဇင်းမှ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံစားဖိုမှူးကြီးများအသင်းမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်သူများနှင့် ဈေးပွဲတော်လာပရိသတ်များ၏အကူအညီကိုရယူပြီး ပြိုင်ပွဲဝင်ဟင်းတစ်မယ်ခြင်းအလိုက် အမှတ်ပေးစနစ်ဖြင့် အကဲဖြတ်ကာ ဆုချီးမြှင့်ပေးသွားမှာဖြစ်ပါတယ်"ဟု ငင်းကဆက်လက်ပြောကြားသည်။

အဆိုပါ မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော်တွင် ရေလုပ်ငန်းနှင့် ဆက်နွယ်သောပြခန်း၃၂ခန်း၊ အရောင်းပြခန်း ၃၃ခန်း၊ လူသုံးကုန်ပစ္စည်း အရောင်းပြခန်း ၄၈ခန်းပါဝင် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါမြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းထူထောင်ခဲ့သည်မှာ သက်တမ်းအားဖြင့် ရှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ နှစ်စဉ်ရေထွက်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံရုံမက ပြည်ပသို့တင်ပို့ကာ နိုင်ငံခြားငွေများ ရှာဖွေပေးနိုင်ခဲ့သည်။ မြန်မာ့ရေထွက်ပစ္စည်းတင်ပို့ရောင်းချမှုမှာ ယမန်နှစ်က အမေရိကန်ဒေါ်လာ ၃၅၈ သန်း ရှာဖွေပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ဖိုး တင်ပို့ရောင်းချနိုင်ရန် မျှော်မှန်းထားသည်။

မြန်မာနိုင်ငံရေထွက်ပစ္စည်းလုပ်ငန်းအနေဖြင့် ရေချိုကဏ္ဍနှင့်ရေငန်ကဏ္ဍဟူ၍ နှစ်ခုရှိရာ ထုတ်လုပ်မှုအပိုင်းအနေဖြင့် မွေးမြူခြင်းနှင့် ဖမ်းဆီးခြင်းဟူ၍ ခွဲခြားသတ်မှတ်ထားကြောင်းသိရသည်။

ရေချိုမွေးမြူထုတ်လုပ်မှုကဏ္ဍတွင် ငါးမြစ်ချင်း၊ ငါးတန်၊ ငါးခါင်းပွ၊ ငါးကြင်းဖြူ၊ ရေချိုငါးမုတ်၊ ငါးခုံးမကြီး၊ ရွှေဝါငါးကြင်း၊ မြက်စားငါးကြင်း၊ ငွေရောင်ငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ တီလားပီးယားနှင့် ရေချိုပုစွန်သန့်၊ ငါး၊ ပုစွန်များ ထုတ်လုပ်လျက်ရှိသည်။

**ထုတ်လုပ်**

ရေငန်မွေးမြူထုတ်လုပ်မှုကဏ္ဍတွင် ပုစွန်ကြား၊ ပုစွန်ဖြူ၊ ကျောက်ငါး၊ ကျောက်ပုစွန်၊ ကဏန်းပျော့နှင့် ကကတစ်ငါးများကို မွေးမြူထုတ်လုပ်လျက်ရှိပြီး ရေငန်ထုတ်လုပ်မှုမှာ မြန်မာ့ပင်လယ်ပြင်နှင့် မြန်မာ့ကမ်းရိုးတန်းမှ ရေငန်ငါး၊ ပုစွန်နှင့် အခြားရေထွက်ပစ္စည်းများကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**ရပ်တည်**

မြန်မာနိုင်ငံရေထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းသည် ၂၀၀၁-၂၀၀၂ ခုနှစ်မှ ၂၀၀၅-၂၀၀၆ခုနှစ် အထိ နိုင်ငံတော်၏ တတိယကာလတို ငါးနှစ်စီးပွားရေးစီမံကိန်း အကောင်အထည်ဖော်မှုအပိုင်း၏ သားငါးကဏ္ဍတွင်ကဏ္ဍအလိုက် ဂျီဒီပီပါဝင်မှု အချိုးအနေဖြင့် စတုတ္ထနေရာတွင် လည်းကောင်း၊ နိုင်ငံခြားဝင်ငွေရရှိမှု အနေဖြင့် စတုတ္ထနေရာတွင် လည်းကောင်း ရပ်တည်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**လေ့လာနိုင်**

သို့ဖြစ်၍ ပြည်သူများ ရေလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် မြန်မာ့ရေထွက်ပစ္စည်းများ၏ ထူးကဲသော အရသာကို သိရှိစေရန်သော်လည်းကောင်း၊ ရေလုပ်ငန်းနှင့် ဆက်နွယ်သော ထုတ်ကုန်ပစ္စည်းများ ကြည့်ရှုလေ့လာနိုင်ရန်သော် လည်းကောင်း မြန်မာ့ရေထွက်ပစ္စည်း ဈေးပွဲတော် (၂၀၀၆)သို့ အရောက်လှမ်း ပါဝင်ဆင်နွှဲနိုင်ရေး အသိပေး တင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

## ရေးမြို့အခြေခံပညာကျောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ရေးမြို့ပေါ်ရှိအခြေခံပညာကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက် (တနင်္ဂနွေနေ့) တွင် ရေးမြို့ အထက(၁)၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန်နှင့်ဦးဖေအောင် ဖုန်း-၀၁-၅၇၀၀၆၂၊ ၀၁-၆၂၅၃၇၀၊ ဦးတင့်လွင် ဖုန်း-၀၉-၅၀၁၉၁၂၇၊ ဦးသက်ဦး ဖုန်း-၀၁-၂၉၈၃၁၈၊ ဦးသောင်းထိုက် ဖုန်း-၀၅၇-၂၄၉၁၁၊ ၀၅၇-၂၁၆၅၀၊ ဒေါ်လွမ်တီ ဖုန်း-၀၂-၆၀၈၂၆၊ ဦးညွန့်ဆွေ၊ ဦးအောင်သန်းလွင်၊ ဦးမျိုးကြွယ်၊ ဦးညီသွေး၊ ဦးမြင့်ဦးတို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**





**အင်းစိန်မြို့နယ် အထက(၄) ကျောင်းခန်းမတွင် ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၁၂ ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေ အမှာစကား ပြောကြားစဉ်။**

(ခရိုင် ပြန်/ဆက်)

# ကမ္ဘာ့တစ်လွှား အားကစား

## အာရှအားကစားပြိုင်ပွဲမှ ရွှေ၊ ငွေ၊ ကြေးဆုရသူများ

**ရေးသားတင်ပြသူ – မြင့်မောင်စိုး**

ဒိုဟာ ဒီဇင်ဘာ ၁၂

**(၁၅)ကြိမ်မြောက် ဒိုဟာအာရှအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၁၁ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ တရုတ်အားကစားအဖွဲ့သည် ဆုတံဆိပ် အများဆုံး ဆွတ်ခူးထားပြီး ရွှေတံဆိပ် ၁၂၀ အထိ ရှိရထားသည်။**

### ကျွမ်းဘား

ကာဇက်စတန် ကျွမ်းဘားအဖွဲ့သည် အသင်းလိုက် ကျွမ်းဘားပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးပြီး ဂျပန်က ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် တရုတ်အသင်းသည် ကြေးတံဆိပ်သာ ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသား မီတာ ၂၀၀ပြေးပွဲတွင် ဂျပန်မှ ရွှေတံဆိပ်ရှင် ဆူရက်ဆုဂု** (လယ်) **နှင့် တရုတ်မှ ငွေတံဆိပ်ရှင် ရန်ယိုဇူ** (ဝဲ)**နှင့် ဂျပန်မှ ကြေးတံဆိပ်ရှင် တာကာဟီရာတို့ ဆုတံဆိပ်များနှင့် အတူ ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ–အင်တာနက်)

### ဘောလုံး

အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြောက်ကိုရီးယား အမျိုးသမီး ဘောလုံးအသင်းက တရုတ်အမျိုးသမီး ဘောလုံးအသင်းကို သုံးဂိုး–တစ်ဂိုးဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မြောက်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းသည် ဗိုလ်လုပွဲအဖြစ် ဒီဇင်ဘာ ၁၃ရက်တွင် ဂျပန်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တရုတ်အမျိုးသမီး ဘောလုံးအသင်းသည် တောင်ကိုရီးယား အမျိုးသမီးဘောလုံးအသင်းနှင့် ကြေးတံဆိပ်လုကြမည် ဖြစ်သည်။

### ဘော်လီဘော

အမျိုးသမီး ဘော်လီဘောပွဲစဉ်တွင် တရုတ်အမျိုးသမီးဘော်လီဘောအသင်းက တရုတ်(တိုင်ပေ)ကို နိုင်ပြီး ဗိုလ်လုပွဲတက်ရောက်လာသည်။

ဂျပန် အမျိုးသမီးဘော်လီဘောအသင်းက ထိုင်းအမျိုးသမီးဘော်လီဘော အသင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ တရုတ်အမျိုးသမီး ဘော်လီဘောအသင်းနှင့် ဂျပန်အမျိုးသမီး ဘော်လီဘောအသင်းတို့ ဗိုလ်လုပွဲအဖြစ် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး တရုတ်(တိုင်ပေ)နှင့်ထိုင်းတို့သည် တတိယနေရာလုကြမည်ဖြစ်သည်။

### ပိုက်ကျော်ခြင်း

ထိုင်းအမျိုးသမီး ပိုက်ကျော်ခြင်းအဖွဲ့သည် ဗီယက်နမ်ကိုနိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### တုတ်ထောက်ခုန်

ဂျပန်မှ ဒိုင်ချီဆာဝါနိုသည် အမျိုးသားတုတ်ထောက်ခုန် ပြိုင်ပွဲတွင် အမြင့် ၅ဒသမ ၆၀မီတာ ခုန်နိုင်ပြီး ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ဥဇဘက်ကစ္စတန်မှ လီယိုနစ်အင်ဒရီးဗ်က ငွေတံဆိပ်ဆွတ်ခူးပြီး တရုတ်မှ ရန်ရန်ရှမ်းက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### သံပြားဝိုင်းပစ်

အီရန်မှ အာရှစံချိန်ရှင်အီဆန်ဟာဒါဒီသည် အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် အကွာဝေး ၆၃ဒသမ၇၉မီတာ ပစ်ကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ကာတာမှ ဒိုဆာရီက ၆၂ဒသမ ၁၁မီတာပစ်ကာ ငွေတံဆိပ်ဆွတ်ခူးပြီး ဆော်ဒီအာရေဗျမှ အယ်ဒါဝိုဒီက ၆၀ဒသမ ၈၂မီတာပစ်ကာ ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### တန်းကျော်ပြေးပွဲ

ဂျပန်နိုင်ငံမှ ကင်ဂျီနာရိဆာကိုသည် အမျိုးသား မီတာ ၄၀၀ တန်းကျော်ပြေး ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ပြီး တရုတ်မှ မန်ရန်းက ငွေတံဆိပ်ဆွတ်ခူးကာ ဂျပန်မှ ကာဝါကီဝါက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

### အလျားခုန်

ဂျပန်မှ ကူမီကိုအိုက်ကီဒါသည် အမျိုးသမီးအလျားခုန် ပြိုင်ပွဲတွင် ၆ဒသမ ၈၁မီတာခုန်ကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် အိန္ဒိယမှ ဘောဘီဂျော့က ၆ဒသမ ၅၂မီတာခုန်ပြီး ဒုတိယငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။ ကာဇက်ကတန်မှ ရိုင်ပါကိုဗာက ၆ဒသမ ၄၉မီတာခုန်ပြီး ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

### မီတာ ၅၀၀၀ ပြေးပွဲ

အမျိုးသမီး မီတာ ၅၀၀၀ ပြေးပွဲတွင် တရုတ်မှ ဇူဖီက ရွှေတံဆိပ်ဆွတ်ခူးပြီး ဂျပန်မှ ကာယိုဆူချီဟာရာက ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။



**အမျိုးသမီး မီတာ ၅၀၀၀ပြေးပွဲတွင် တရုတ်မှ ဇူဖီ**(ဝဲ)**နှင့် ဂျပန်မှ ဆူချီဟာရာတို့ ပန်းဝင်လာသည်ကို ဤသို့ တွေ့ရသည်။** (ဓာတ်ပုံ–အင်တာနက်)



**အမြင့်ခုန် ယှဉ်ပြိုင်**

**အမျိုးသမီး အမြင့်ခုန်ပြိုင်ပွဲတွင်ဗီယက်နမ်မှ တီဟောင်ဘိုင်၏ ယှဉ်ပြိုင်မှုကို ဤသို့ တွေ့ရသည်။**
(ဓာတ်ပုံ–အင်တာနက်)

### မီတာ ၈၀၀

အမျိုးသား မီတာ ၈၀၀ပြေးပွဲတွင် ဘာရိန်းမှ ယူဆွပ်ဆာရက်ကာမဲလ်က ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

### သုံးဆင့်ခုန်

အမျိုးသမီး သုံးဆင့်ခုန်ပြိုင်ပွဲတွင် တရုတ်နိုင်ငံမှ ဇီလီမီးက ရွှေတံဆိပ်၊ ဥဇဘက်ကစ္စတန်မှ ဂျူရာလီဗာက ငွေတံဆိပ် ဆွတ်ခူးပြီး တရုတ်မှ လီကျန်းက ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။

### မီတာ ၂၀၀ ပြေးပွဲ

အမျိုးသားမီတာ၂၀၀ပြေးပွဲတွင် ဂျပန်မှ ဆူရက်ဆုဂုက ရွှေတံဆိပ်၊တရုတ်မှ ရန်ယိုဇူက ငွေတံဆိပ်ဆွတ်ခူးပြီး ဂျပန်မှ တာကာဟီရာက ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ။

### အာရှအားကစားပြိုင်ပွဲဆုတံဆိပ်ရရှိမှု

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁။ | တရုတ် | ၁၂၀ | ၆၉ | ၄၆ | ၂၃၅ |
| ၂။ | တောင်ကိုရီးယား | ၄၃ | ၃၇ | ၆၉ | ၁၄၉ |
| ၃။ | ဂျပန် | ၄၁ | ၄၉ | ၅၇ | ၁၄၇ |
| ၄။ | ကာဇက်စတန် | ၁၉ | ၁၂ | ၃၂ | ၆၃ |
| ၅။ | ထိုင်း | ၈ | ၁၀ | ၂၁ | ၃၉ |
| ၆။ | တရုတ်(တိုင်ပေ) | ၈ | ၅ | ၁၈ | ၃၁ |
| ၇။ | ဆော်ဒီအာရေဗျ | ၇ | ၀ | ၄ | ၁၁ |
| ၈။ | အိန္ဒိယ | ၆ | ၁၄ | ၁၇ | ၃၇ |
| ၉။ | ကာတာ | ၆ | ၉ | ၇ | ၂၂ |
| ၁၀။ | ဘာရိန်း | ၆ | ၇ | ၄ | ၁၇ |

(အင်တာနက်)

## ပရီမီယာလိဂ်ပွဲစဉ်(၁၇) လက်ကျန်ပွဲ ဆက်လက်ယှဉ်ပြိုင် ရက်ဖီးနှင့်ဗီလာတို့ နှစ်ဂိုးစီ သရေကျ

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

လန်ဒန် ဒီဇင်ဘာ ၁၂

**ပရီမီယာလိဂ်ပွဲစဉ်(၁၇) လက်ကျန်ပွဲအဖြစ် ရက်ဖီးနှင့်အက်စတွန်ဗီလာအသင်းတို့ ဒီဇင်ဘာ ၁၁ရက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။**

တန်းဆင်းဇုန်အတွင်းမှ လွတ်အောင်ကြိုးစား ရုန်းကန်နေရသော ရက်ဖီးတို့ အိမ်ကွင်း၌ မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် ချေပဂိုးများ သွင်းယူကာ သရေပွဲဖြစ်ခဲ့ရခြင်းဖြစ်သည်။ အက်စတွန်ဗီလာသည် မျက်နှာသစ် ရက်ဖီးကိုအနိုင်ရယူရန် ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့ရာ ပွဲချိန်နှစ်မိနစ်မှာတွင် အက်စတွန်ဗီလာ ကွင်းလယ်ကစားသမား ပီထရော့ဗ်က စောစီးစွာ အဖွင့်ဂိုး သွင်းယူခဲ့သည်။

### ဂိုးမသွင်း

ရက်ဖီးတိုက်စစ်မှူးများက ချေပဂိုးသွင်းယူရေး ကြိုးစားသော်လည်း ပထမပိုင်း ဂိုးမသွင်းနိုင်ခဲ့ချေ။ ဒုတိယပိုင်း ပွဲချိန်မိနစ် ၅၀ရောက်မှသာ စတီဖင်ကွင်းက ချေပဂိုးသွင်းပေးနိုင်ခဲ့သည်။ ရက်ဖီးတို့ အက်စတွန်ဗီလာကို(၁၈)ကြိမ် ထိုးဖောက် ကစားနိုင်ကာ အပိုင် ဂိုးသွင်းခွင့် ၁၀ကြိမ် ရရှိခဲ့သည်။

သို့သော်လည်း အက်စတွန်ဗီလာ တိုက်စစ်မှူး မီလန်ဘားရို့စ်က ၆၄ မိနစ်တွင် တစ်ဂိုးသွင်းယူခဲ့ခြင်းကို ရက်ဖီးတိုက်စစ်မှူး ဝက်ဘာကချက်ချင်းချေပဂိုးပြန်သွင်းယူခဲ့သဖြင့် နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရသည်။

### အဝါကတ်ထိ

ရက်ဖီးတို့ အနိုင်ရရှိလိုမှုကြောင့် တွန်းတွန်းတိုက်တိုက်ကစားခဲ့ရာ ရောဘတ်ကို့စ်လူခ်၊ ဘရွမ်ဘိုင်တို့ အဝါကတ်ထိခဲ့ရသလို အက်စတွန်ဗီလာမှ ဂါရီကာဟေးလည်း အဝါကတ်အပြခံခဲ့ရသည်။ အက်စတွန်ဗီလာသည် သရေပွဲဖြစ်ခဲ့သဖြင့် တန်းစီဇယားတွင် အဆင့်ရှစ်နေရာ၌ ရှိနေပြီး ရက်ဖီးမှာ အဆင့်၁၆နေရာ၌ ရပ်တည်နေသည်။

**(အင်တာနက်)**



**ရက်ဖီးနှင့်အက်စတွန်ဗီလာအသင်းတို့ပွဲတွင် ရက်ဖီး နောက်ခံလူ ဂီရာရီ** (ဝဲ)**က အက်စတွန်ဗီလာ တိုက်စစ်မှူး ခရစ်ဆုတန် ထိုးဖောက်ကစားမှုကို ဤသို့ ဟန့်တားခဲ့သည်။**
(ဓာတ်ပုံ–အင်တာနက်)

## ဂျိုးကိုးလ် ဒဏ်ရာကြောင့် သီတင်းသုံးပတ်နားရမည်

လန်ဒန် ဒီဇင်ဘာ ၁၂

**ချယ်လ်ဆီးကွင်းလယ်ကစားသမား ဂျိုးကိုးလ်သည် ခြေထောက်ဒဏ်ရာရရှိခဲ့မှုကြောင့် သီတင်းပတ် အနည်းငယ် အနားယူခဲ့ရပြီးဖြစ်သော်လည်း ဒဏ်ရာ မသက်သာသဖြင့် နောက်ထပ် သီတင်းသုံးပတ်ခန့် ဆက်လက်အနားယူရမည်ဖြစ်ကြောင်း သိရသည်။**



**ဒဏ်ရာရခဲ့သော ချယ်လ်ဆီး ကွင်းလယ်ကစားသမား ဂျိုးကိုးလ်။**

အင်္ဂလန် ဘောလုံးအသင်းနှင့် ချယ်လ်ဆီးအသင်း ကွင်းလယ်ကစားသမား ဂျိုးကိုးလ်သည် ပြီးခဲ့သော နိုဝင်ဘာ၂၆ရက်က မန်ယူနှင့်ကစားခဲ့သည့် ပွဲတွင် ခြေထောက်ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းပွဲ၌ ဂျိုးကိုးလ်အနေဖြင့် အချိန်ပိုင်း ဝင်ရောက်ကစားခဲ့ခြင်းဖြစ်သည်။

လောလောဆယ်တွင် ဂျိုးကိုးလ်သည် လေ့ကျင့်မှုပင် ရပ်ဆိုင်းထားရပြီး ခြေထောက်ဒဏ်ရာ သက်သာရန် ဆေးကုသမှုခံယူနေရသည်။ သို့သော်လည်း ဂျိုးကိုးလ်ခြေထောက်ဒဏ်ရာမှာ မကြာမီ သီတင်းပတ်အတွင်း ကောင်းမွန်လာမည်ဟု ချယ်လ်ဆီး ဝက်ဘ်ဆိုက်၌ ဖော်ပြသည်။ ဂျိုးကိုးလ်သည် ယခုနှစ်၌ ချယ်လ်ဆီးအတွက် ပွဲအစ အဆုံးသုံးပွဲနှင့် အချိန်ပိုင်း ရှစ်ပွဲသာ ကစားပေးထားနိုင်သည်။

**(အင်တာနက်)**

## ရက်ဒင်းခံစစ်မှူးဆွန်ကို စာချုပ်သက်တမ်းတိုးမြှင့်

**လန်ဒန် ဒီဇင်ဘာ ၁၂**

ပရီမီယာလိဂ်တန်းတက်အသင်းဖြစ်သည့်ရက်ဒင်းကလပ်မှနောက်တန်းကစားသမား အီဘရာဟီမာဆွန်ကို ရက်ဒင်းကလပ်နှင့် ၂၀၀၉– ၂၀၁၀ ပရီမီယာလိဂ် ဘောလုံးရာသီအထိ ဆက်လက်ကစားရန် သက်တမ်းတိုး စာချုပ်လိုက်ပြီဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိနောက်တန်း ဗဟိုခံစစ်မှူး ဆွန်ကိုသည် ယခင်က ၂၀၀၈ခုနှစ်အထိစာချုပ်ထားသော်လည်း ယခုအခါ သက်တမ်းတိုးစာချုပ်လိုက်ခြင်းဖြစ်သည်။

ဆွန်ကိုသည်မိမိတို့အသင်းအတွက် အားထားရသော နောက်တန်းခံစစ်မှူးတစ်ဦးဖြစ်ကြောင်း၊ မိမိတို့ အသင်းတွင် ဆက်လက် ရှိနေရန် လိုအပ်ကြောင်း ရက်ဒင်းကလပ်ဥက္ကဋ္ဌ ဂျွန်မာဒတ်စကီက ပြောကြားသည်။

လာမည့်ပရီမီယာလိဂ်တွင် မိမိတို့ကလပ်အနေအထား လက်ရှိထက် ပိုမိုအောင်မြင်မှုရရှိရန် ဆွန်ကိုက ဆောင်ရွက်ပေးနိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

**(အင်တာနက်)**

## မီးဘေးကာကွယ်ရေး လုပ်ငန်းများဆောင်ရွက် လိုက်နာရမည့်အချက်များ ပညာပေးဟောပြော

မန္တလေး နိုဝင်ဘာ ၃၀

**မန္တလေးတိုင်း မီးသတ်ဦးစီးဌာနက မိုးမှာ လေ့ကျင့်၊ ဆောင်းမှာ စစ်ဆေး၊ နွေမှာ အသင့်ဖြစ်ရေး မီးသတ်ဆောင်ပုဒ်နှင့်အညီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ရက် နံနက် ၉နာရီက မန္တလေးခရိုင် မီးသတ်ဦးစီးအရာရှိ ဦးမြသန်းသည် မန္တလေးခရိုင် အရန်မီးသတ် ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးဗိုလ်မင်း၊ ကော်မတီဝင် ဦးမျိုးညွန့်၊ ဦးမြသန်း၊ ဦးအေးတို့လိုက်ပါလျက် မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက် အရန်မီးသတ်စခန်းကို ကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှမင်းက မြို့နယ်အတွင်း မီးဘေး ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ မဟာအောင်မြေ အနောက်ရပ်ကွက် အရန်မီးသတ် စခန်း ဒုတိယတပ်ခွဲမှူး အေးဝင်းက ရပ်ကွက် မီးဘေး ကြိုတင် ကာကွယ်ရေး အတွက် မီးသတ်ယာဉ် ဆောင်ရွက်ထားမှု ရပ်ကွက်အတွင်း ကွင်းဆင်း စစ်ဆေး ပညာပေးဟောပြောမှုများကို မြေပုံ ကားချပ်နှင့်တကွ ရှင်းလင်း တင်ပြရာ ခရိုင်မီးသတ် ဦးစီးအရာရှိက လိုအပ်သည်များ မှာကြားသည်။

### ပညာပေးဟောပြော

ထို့နောက် မီးသတ်ယာဉ် ကြံ့ခိုင်မှုကို စစ်ဆေးပြီး ဆက်လက်၍ ရပ်ကွက်အတွင်း မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများအပိုင်းက လိုက်နာဆောင်ရွက်ထားရမည့် အချက်များကို ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **(၁၆၂)**



**ထားဝယ်မြို့ ရေးလမ်းဆုံတွင် ထပ်ပိုးကတ္တရာခင်းခြင်းကို နိုဝင်ဘာ ၁၆ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးမြင့်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ် စည်ပင်)

## လမ်းခင်းရန် ကျောက်များစုဆောင်း

**မိုင်းကိုင် ဒီဇင်ဘာ ၃**

မိုင်းကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ပိုင်စန်းလမ်း အပိုင်း(၂) ကျောက်စုဆောင်းမှုကို နိုဝင်ဘာ ၂၅ရက်က မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်စည်နှင့်တာဝန်ခံ အင်ဂျင်နီယာဦးတင်ဝင်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

**(နယ်စပ်/စည်ပင်)**

## လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲ စဉ့်ကူး၌ကျင်းပ

**စဉ့်ကူး နိုဝင်ဘာ ၁၂**

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက အဆိုပါမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက စီးပွားရေးစီမံကိန်းလုပ်ငန်းများ အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် ပညာရေး၊ ကျန်းမာရေး လုပ်ငန်းကဏ္ဍများ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ အစဉ်တစိုက်ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီများ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာဥက္ကဋ္ဌများက မိမိတို့ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်း ဟောင်း) အနောက် ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန် နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန် အတွက် ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် ၄(၁၀၉၇) သုဓမ္မာလမ်းနေ ဦးခမိသားစုတို့က မိဘများအားရည်စူး၍ အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့်(ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ(ဝံသမေဒနီ)ထံဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် ကျန်းမာရေး ပညာပေးဟောပြော

**တောင်ငူ ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ပဲခူးတိုင်း)မှ ဦးစီး၍ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးနှင့် ကျန်းမာရေး ပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ရက်က တောင်ငူမြို့နယ် အင်ဒိုင်းကျေးရွာအုပ်စု အင်ဒိုင်းကျေးရွာ သာသနာ့သိပ္ပံကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် တိုင်းမူးယစ်ဆေး ဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ရဲမှူးကြီး စောစေးဝါးညွန့်(ငြိမ်း) **(အောက်ပုံ)**၊ ဒုတိယဥက္ကဋ္ဌ သမားတော်ကြီး ဒေါက်တာ ဦးသန့်ဇင်နှင့် တောင်ငူခရိုင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အတွင်းရေးမှူး ဒုတိယရဲမှူးဌေးဝင်း(ငြိမ်း)တို့က အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ကူးဆက်ရောဂါများအကြောင်း သိကောင်း စရာများ ပညာပေးဟောပြောကြသည်။

ဟောပြောပွဲသို့ တိုင်း၊ ခရိုင် မူးယစ် ဆေးဝါးဆန့်ကျင်ရေး အသင်းဝင်များ၊ ကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများနှင့် စိတ်ပါဝင်စားကြသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၃၇၂)**



## စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ကသာ၌ဖွင့်လှစ်

**ကသာ နိုဝင်ဘာ ၁၇**

ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းကျင်းပသော စာကြည့်တိုက်ပညာ(ဆင့်ပွား)သင်တန်းအမှတ်စဉ်(၃/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ကသာမြို့နယ် အင်းရွာကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်အောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဦးစီးအရာရှိ ဦးကျော်ဝင်းကိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

## ဖလမ်း၌ ကျန်းမာရေး ရှင်းလင်းဟောပြော

**ဖလမ်း ဒီဇင်ဘာ ၈**

ချင်းပြည်နယ် ဖလမ်းမြို့တွင် လတ်တလောပျော့ခွေ အကြောသေရောဂါစောင့်ကြပ်ထောက်လှမ်းကြည့်ရှုခြင်း အသိပညာပေးရှင်းလင်းခြင်းနှင့် သင်တန်းပို့ချခြင်းကို ဒီဇင်ဘာ ၂ရက်က မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဒုတိယကျန်းမာရေးဦးစီးမှူး ဒေါက်တာခင်စောမူ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်စည်နှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင် စွမ်းရည်မြှင့်တင်ရေး သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

### ပညာပေးရှင်းလင်း

အခမ်းအနားတွင် ပြည်နယ်ဒုတိယကျန်းမာရေးဦးစီးမှူး ဒေါက်တာ ခင်စောမူက လတ်တလောပျော့ခွေ အကြောသေရောဂါစောင့်ကြပ် ထောက်လှမ်းကြည့်ရှုခြင်းနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေး ရှင်းလင်းသည်။ **(ခရိုင်ပြန်/ဆက်)**

## မြို့နယ်သတင်းများ

## ဝန်ထမ်းပေါင်းစုံ စုပေါင်းကထိန်ပွဲ ကနီ၌ကျင်းပ

**ကနီ နိုဝင်ဘာ ၁၀**

ကနီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ဒသမအကြိမ် ဝန်ထမ်းပေါင်းစုံ စုပေါင်း မဟာဘုံကထိန် မြို့တွင်း လှည့်လည်ပူဇော်ပွဲနှင့် ကနီမြို့ ဓမ္မပါလသာသနာ့ ဗိမာန်သို့ ပို့ဆောင်ဆက်ကပ် လှူဒါန်းပွဲကို နိုဝင်ဘာ ၃ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်း၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများစုပေါင်း၍ ပဒေသာပင် ၂၉ပင်တို့ကို လှည့်လည်ပူဇော်ကြသည်။

ထို့နောက် နိုဝင်ဘာ ၄ရက် မွန်းတည့် ၁၂နာရီက ဓမ္မပါလသာသနာ့ဗိမာန်တွင် မဟာဘုံကထိန် အလှူတော်မင်္ဂလာကို ဆက်လက်ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဦးဉာဏဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးစိုးလင်းက ရွှေသိမ်တော်ကျောင်းတိုက်သို့ လည်းကောင်း၊ မြို့နယ်အဖွဲ့ဝင်(၁) ဒုတိယရဲမှူး စိုးအောင်က ရွှေမြင်းဖြူကျောင်းတိုက်သို့လည်းကောင်း ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ **(မြို့နယ် ပြန်/ဆက်)**



**အုတ်တွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ခိုင်ရွှေဝါလမ်းကတ္တရာခင်းခြင်းကို နိုဝင်ဘာ ၂၅ ရက်က ပဲခူးတိုင်း စည်ပင် သာယာ ရေး အဖွဲ့ ဒုတိယ ညွှန် ကြား ရေး မှူး ဦး အောင် မင်း နိုင် ကွင်းဆင်း ကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးတင်ရှိန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးရဲလွင်တို့က ရှင်းလင်းပြသကြစဉ်။** (၃၁၆)



**စစ်တွေမြို့နယ် ကြို့ကဲကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း ဧက ၅၀ စိုက်ပျိုးရာသို့ နိုဝင်ဘာ၃၀ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ထွန်းတို့ ကွင်းဆင်းကြည့်ရှု အားပေးစဉ်။** (က-ပ)



အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေ မြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်း ဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက် လုပ် ရန် ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ပတ်ဆွေ ဘုရားကျောင်းဝင်း ပန်းလှိုင်လမ်းခြံ(၁၁)နေ ဦးဟွန်တီး-ဒေါ်ခင်ခင်ဌေးမိသားစုက အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း)အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော်အရှင်စန္ဒန(ဓမ္မာစရိယ)ပြည်တော်သာထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# တန်ဖိုးနည်း အာဟာရပြည့်ဝ အစားအစာချက်ပြုတ်သရုပ်ပြ

**ကျောက်ကြီး နိုဝင်ဘာ ၂၀**

ကျောက်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနက အာဟာရဖွံ့ဖြိုးရေး စီမံချက်ကို လစဉ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ရက် နံနက်၁၀နာရီက မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ တန်ဖိုးနည်း အာဟာရပြည့်ဝ အစားအစာချက်ပြုတ်ခြင်း သရုပ်ပြပွဲကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ယာယီအတွင်းရေးမှူး ဒေါက်တာသက်သက်ဝင်းက သရုပ်ပြပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်ဌေးဌေးကြည်နှင့် မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါ်သန်းသန်းမူတို့ ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက တန်ဖိုးနည်း အာဟာရပြည့်ဝ အစားအစာကို လက်တွေ့ချက်ပြုတ်သရုပ်ပြကြသည်။**(အောက်ပုံ)**

ထို့နောက် တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် နို့တိုက်မိခင်များအား ကွေကာအုပ်အာဟာရများ ဝေငှပေးခဲ့ကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**



# ညောင်လေးပင် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲ

**ညောင်လေးပင် ဒီဇင်ဘာ ၈**

ပဲခူးတိုင်း ညောင်လေးပင်မြို့လုံးဆိုင်ရာ အကြိမ် (၈၀) မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၂၀ရက်မှ ၂၄ရက်အထိ မဟာပဋ္ဌာန်းပူဇော်ပွဲဖြင့်လည်းကောင်း၊ ပွဲတော်အကြို အထူးတရားပွဲများ အဖြစ်၂၅ရက်ညတွင် အရှင်ဝီရိယ (တောင်စွန်း)က လည်းကောင်း၊ ၂၆ရက်တွင် အရှင်တေဇာနန္ဒာဘိဝံသ (သပြေကန်)က လည်းကောင်း၊ ၂၇ ရက်နှင့် ၂၈ရက်တွင် အရှင်ဇဝန (မေတ္တာရှင်-ရွှေပြည်သာ)က လည်းကောင်း၊ ၂၉ရက်တွင် အရှင်ဝိလာသဂ္ဂ(သဒ္ဓမ္မရံသီ)က လည်းကောင်း၊ ၃၀ရက်တွင် ဒေါက်တာအရှင်ပညိဿရ (ဓမ္မဒူတ)တို့က လည်းကောင်း ညစဉ် ၇နာရီမှ စတင်၍ တရားတော်များဟောကြားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃ ရက်အထိ မြို့ပေါ်ငါးရပ်ကွက်သို့ နှစ်ကြိမ်ရှစ်ဆူဗုဒ္ဓဘုရားရုပ်ပွားတော်များကို ပင့်ဆောင်၍ ပရိတ်အဖွဲ့များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်က ဒေသစာရီလှည့်လည်မည်ဖြစ်ကြောင်း သိရသည်။ **(၁၃၄)**

**ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအေးချိုတို့ ဒီဇင်ဘာ ၅ရက်က ဖြူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့တာဝန်ခံ အင်ဂျင်နီယာဦးကျော်ခိုင်က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)



# အမြို့မြို့ အနယ်နယ် သတင်းများ

# ညာဏ်စမ်းသုတပြိုင်ပွဲ ဆုချီးမြှင့်

**ဂန့်ဂေါ ဒီဇင်ဘာ ၅**

ဂန့်ဂေါမြို့ ရှီးရှိရွာ အခြေခံပညာအထက်တန်းကျောင်း၏ ဖူးပွင့်ဝေစာကြည့်တိုက်တွင် ကျင်းပသည့် ဖူးပွင့်ဝေ နံရံကပ်စာစောင်ဖွင့်ပွဲနှင့် (၁၁)ကြိမ်မြောက် ညာဏ်စမ်းသုတပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၈ရက်က ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်လှလှမြင့်တို့က အမှာစကားပြောကြားကြပြီး ဆုများချီးမြှင့်ကာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိက နံရံကပ်စာစောင်များ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(ခရိုင် ပြန်/ဆက်)**

# မင်းတပ်ခရိုင်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲ ကွင်းပိတ်ပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

**မင်းတပ် ဒီဇင်ဘာ ၄**

မင်းတပ်မြို့နယ်တွင် ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း ဌာနဆိုင်ရာ ဘောလုံးပြိုင်ပွဲ ကွင်းပိတ်ပွဲနှင့် ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၉ရက် ညနေ ၃နာရီက မြို့မအားကစားကွင်း၌ ကျင်းပရာ ရှေးဦးစွာ အားကစားသမားများ ကွင်းအတွင်း နေရာယူကြသည်။

ထို့နောက် အကောင်းဆုံးအားကစားသမားဆုငါးဆုကို အားကစားသမားငါးဦးတို့အား လူမှုရေးအသင်းများနှင့် မြို့မိမြို့ဖများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယရရှိသော ပညာရေးအသင်းကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းက ငွေသားဆုကို လည်းကောင်း၊ ပထမဆုရရှိသော စိုက်ပျိုးရေးညွှန့်ပေါင်းအသင်းကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က ဒိုင်းဆုနှင့် ငွေသားဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

**မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတောကွက်သစ် ၃ လမ်းတွင် ကိုယ့်အားကိုယ်ကိုး ကျောက်ရောမြေလမ်းခင်းခြင်း ဆောင်ရွက်မှုကို နိုဝင်ဘာ ၃၀ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးအောင်ဆွေညွှန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးခင်မောင်သန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့က ရှင်းလင်းပြသစဉ်။** (မြို့နယ် စည်ပင်)



# စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းရေးဆွေးနွေး

**ကောလင်း နိုဝင်ဘာ ၃၀**

ကောလင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူး၍ ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်များလှူဒါန်းရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက်က အဖွဲ့ရုံးခန်းတွင် ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း (မြန်ဂုဏ်ဆောင်)နှင့် အဖွဲ့ဝင်များ၊ မန္တလေးမြို့ ကျော်စိုးလင်းစာပေမှ ဦးကျော်စိုးလင်းနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ညိမ်း( မြန်ဂုဏ်ဆောင်)က ကောလင်းမြို့နယ် ရပ်ကွက်ကျေးရွာအုပ်စု ၅၃စု၊ ကျေးရွာ ၂၁၆ရွာသို့ သုတရသ စာအုပ်၊ ဂျာနယ်၊ သတင်းစာများ လှူဒါန်းသွားရေး၊ စာကြည့်တိုက် ရေရှည် တည်တံ့ရေး၊ စေတနာရှင် အလှူရှင်များ၏ အားကိုရယူ၍ စာကြည့်တိုက်များသို့ ပေးအပ်နိုင်ရေး ဆွေးနွေးကြသည်။ (၀၂၆)



**မကွေးတိုင်း စလင်းမြို့နယ် စည်ပင် သာယာရေးအဖွဲ့က ဝမ်းရောဂါကြိုတင် ကာကွယ်ရေး လုပ်ငန်းများကို စီမံချက်နှင့်အညီ ကွင်း ဆင်း ဆောင် ရွက် လျက်ရှိရာ ဒုတိယဦးစီးမှူး (အခွန်) ဒေါ်စိုးစိုးသန်းနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက မြို့မဈေးအတွင်း စားသောက်ဆိုင်နှင့် ဈေးဆိုင်များတွင် ကျန်းမာရေးနှင့် ညီညွတ်အောင် စီမံရောင်းချရေးအတွက် နိုဝင်ဘာ ၁၈ရက်က ဆွေးနွေးပညာပေး စစ်ဆေးစဉ်။** (မြို့နယ် ပြန်/ဆက်)

# မီးသည်သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူ

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်**
**နတ်တော်လပြည့်ကျော် ၁၀ ရက်**
**၁၄-၁၂-၂၀၀၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ ရတနသုတ်)

**နေ့လယ်ပိုင်း**

၁၀း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (ကဏန်းမွေးမြူရေးအကြောင်း) (အပိုင်း-၁)

၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ထူးဆန်းသော ဂျပန်ပုံပြင်များ (နုယဉ်)
(၂) အမျိုးသားစီးပွား ပြန်ပြည့်မြိစွမ်းအင်နှင့် ဘိုင်အိုဒီဇယ် (ရွှေနဂါးတင်ဝင်း)

၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်း အရေးပါမှု) (မောင်ဆုရှင်)

၁၂း၃၀ အစာနှင့် အာဟာရ (ပဲဒလက်သီးနှင့် ပဲလေးညင်း)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၇း၀၀ တပ်မတော်စာတိုက်

၁၇း၁၅ သုတကမ္ဘာအစီအစဉ်

၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) မေတ္တာမီးအိမ် (တွံတေးသိန်းတန်)
(၂) မီးအိမ်ဆန်းနဲ့ လာမယ့်လမ်း (နွဲ့ယဉ်ဝင်း)

၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (အိုမေတ္တာရှင်)

၁၉း၃၅ ခေတ်မရွေးသော တေးများ
(၁) ချစ်ရင်လဲပြုံးပါကွယ် (နွဲ့လေး)
(၂) ချစ်စရာလေး (ကိုမောင်မောင်)
(၃) အချစ်ဘယ်ကစ (တင်မိုးခိုင်)

၂၀း၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ချစ်တာပဓာန (တင်တင်မြ)
(၂) အိပ်မက်လှလှမက်ပါစေ (ကိုမြသိန်း)
(၃) လွမ်းသူအဖြေခက်မည်သာ (အေဝမ်းတင်တင်လှ)



ရေးမြို့ ကမ်းနားလမ်း ထပ်ပိုးလွှာခင်းခြင်းကို နိုဝင်ဘာ ၁၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီးတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအေးနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(ပြည်နယ် စည်ပင်)

## ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အလုပ်ရုံဆွေးနွေး

**ပုလဲ ဒီဇင်ဘာ ၆**

မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သောင်းသောင်းဝင်း၊ မင်းတိုင်ပင်မြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးတင့်ဆွေနှင့် ပုလဲမြို့မှ ရပ်သံ(၃) ဦးမြင့်ဇော်တို့ နိုဝင်ဘာ ၂၂ရက်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖြစ်သော ကြိုးကြာဥကျေးရွာ ရန့်သင်းစာကြည့်တိုက်နှင့် သဲတောကျေးရွာ သုခမိန်လှိုင်စာကြည့်တိုက်များတွင် စာကြည့်တိုက်ရေရှည်တည်တံ့စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဗျိုင်းရေအိုးစင် ရွာမရပ်ကွက် ဗဟိုလမ်း အမှတ် (၂၀) ၅လွှာနေ ဦးမြင့်ဆွေ–ဒေါ်ခင်သန်းမြင့် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။**

(က–ပ)

## မြို့နယ်သတင်းများ

## ဆီးချိုသွေးချို ကာကွယ်ရေး ပညာပေးဟောပြောပွဲ သီပေါမြို့၌ကျင်းပ

**သီပေါ ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးနေ့ အထိမ်းအမှတ် ဆီးချိုသွေးချိုရောဂါ ကာကွယ်ရေးဆိုင်ရာ ပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက်နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

ရှေးဦးစွာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း နာယက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ကြင်မြ **(အောက်ပုံ)**က ဆီးချိုသွေးချိုရောဂါအထိမ်းအမှတ် လှုပ်ရှားမှုများ ကျင်းပရခြင်း၏ ရည်မှန်းချက်များကိုလည်းကောင်း၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာရီရီထွေးက ဆီးချိုသွေးချိုရောဂါ ဖြစ်ပေါ်လာပုံနှင့် ကြိုတင်ကာကွယ်ရေး ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြင်မြနှင့် အသင်းဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ တက်ရောက်ကြသည်။ **(၃၀၆)**



## စာကြည့်တိုက် ပညာရပ်ဆိုင်ရာ လက်တွေ့ဟောပြောပို့ချ

**အရာတော် ဒီဇင်ဘာ ၈**

မုံရွာခရိုင် အရာတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၃ရက် နံနက် ၁၁ နာရီက ဝါးရောင်းကျေးရွာ မူလတန်းလွန်ကျောင်းတွင်လည်းကောင်း၊ နိုဝင်ဘာ ၂၅ရက်က သလဲဘာကျေးရွာ အလင်းရောင်စာကြည့်တိုက်တွင်လည်းကောင်း ကျင်းပရာ အခမ်းအနားတွင် နယ်မြေတာဝန်ခံ မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးမှူး ဦးတင့်ဝေက အလုပ်ရုံဆွေးနွေးပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များ၊ စာကြည့်တိုက် ပညာရပ်ဆိုင်ရာများ၊ စာအုပ်ထားသိုပုံ စနစ်နှင့် စာအုပ်စာရင်း ရေးသွင်းခြင်းတို့ကို လက်တွေ့ဟောပြောသင်ကြား ပို့ချကြသည်။

**(မြို့နယ် ပြန်/ဆက်)**



**ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော ပန်ကုလားကျေးရွာ ကျေးလက်မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းကို နိုဝင်ဘာ ၄ရက်က ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## ဝိနည်းပိဋက ပဉ္စမကျမ်းအတွက် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၁၂**

ဝိနည်းပိဋက နောက်ဆုံး ပဉ္စမကျမ်းစာအုပ် ပရိဝါရပါဠိတော်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) ထံသို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနေ ကိုကျော်စိုးလင်း၊ မစန္ဒီသော်မော် မိသားစု၊ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကုန်းဘောင် ၁၆လမ်း အမှတ် ၇၃၆နေ ဦးကျော်ရှိန်–ဒေါ်ကြည်ကြည်မေ၊ သမီး မမေသူရှိန်၊ မကေခိုင်ကျော်ရှိန်၊ သား မောင်မျိုးမင်းမင်းထွဋ်၊ မောင်သက်ပြည့်စုံမိသားစု၊ ရန်ကင်းမြို့နယ် အရှေ့ရန်ကင်း တိုက် ၂၀၁ အခန်း ၁၀နေ ဦးကျော်ဝင်းမော်–ဒေါ်မြင့်မြင့်ဦး သား မောင်ကျော်ကျော်ဦး၊ မြေး မောင်အောင်မော်ဦးမိသားစု၊ ရန်ကင်းမြို့နယ် အမှတ် (၅) ရပ်ကွက် ဝါဝါဝင်းအိမ်ရာ တိုက် ၄၊ အခန်း ၁၀၁နေ ဦးဝင်းမြင့်မိုး–ဒေါ်ခင်သူဇာမော်၊ သား မောင်အောင်မော်ဦး မိသားစု၊ ရန်ကုန်တိုင်း စာပေစိစစ်ရေးရုံး (ဗဟန်း) ဒုတိယညွှန်ကြားရေးမှူး ဦးတင်ကြည်–ဒေါ်ကြင်စိန် မိသားစု၊ တာမွေမြို့နယ် ယုဇနဥယျာဉ်မြို့တော် စပယ် ၂လမ်း အမှတ် ၆နေ ဦးချိုသန်း–ဒေါ်သန်းသန်း၊ သား မောင်ဝင်းထွဋ်ဦး၊ သမီး မချို့နွယ်ဝင်းမိသားစု၊ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်၁၅၊ အခန်း၁၁နေ ပါမောက္ခ ဦးလှမင်း–ဒေါ်ခင်ခင်အေး၊ သား မောင်တင်ဇော်မင်း၊ သမီး မအေးမြသူမိသားစု၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) (၄၁)ရပ်ကွက် မဥ္ဇူသကလမ်း အမှတ် ၁၁၆နေ ဦးစိုးတင့်–ဒေါ်နီနီ မိသားစု၊ တာမွေမြို့နယ် တာမွေကြီး (က/ခ) ရပ်ကွက် ၁၅၅လမ်း အမှတ် ၆၅နေ မိဘနှစ်ပါးနှင့် ခင်ပွန်း ဦးမောင် လှဖြူ၊ သားကြီး မောင်အောင်ကျော်မိုးတို့ကိုရည်စူး၍ ဒေါ်ကျော့မေ၊ သားငယ် မောင်အောင်ကျော်စိုး၊ သမီး မလှကျော့မူ၊ မလှကျော့ဖြူမိသားစုတို့က ကြေးပြားတစ်ချပ်စီ၊ ဗဟန်းမြို့နယ် ဗိုလ်ချို (၂) ရပ်ကွက် နတ်မောက်လမ်းသွယ် (၁) အမှတ် ၆၅ နေ ဒေါ်ကင်မွှာ၊ ဒေါ်ကင်တွန့်နှင့် ဦးပေါ်အောင်–ဒေါက်တာ ဒေါ်ကင်အိမ်မိသားစု၊တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက် သစ္စာလမ်း အမှတ် ၃၁၀/ခ နေ ဖခင်ကြီး ဦးနေဝင်းအားရည်စူး၍ ဇနီး ဒေါ်မိုးမိုးထွန်း၊ သမီး မမြတ်မိုးမိုးကျော်၊ မခိုင်ချိုနေဝင်း မိသားစုတို့က ကြေးပြားနှစ်ချပ်စီလှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြာတစ်ချပ်လျှင် အလှူငွေကျပ် ၂၀၀၀၀ ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း–၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## စာတ်ဆီဖြည့်မှု သတိပြု

**ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီ လဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှုမှ သဘာဝတည်ငြိမ်လျှပ်စစ်တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ဓာတ်ဆီထည့်ခြင်းကို သတိပြုရှောင်ကြဉ်ကြပါရန်။**

(မီးသတ်ဦးစီးဌာန)

## အခွန်ဆိုင်ရာသိကောင်းစရာများ မအူပင်၌ ရှင်းလင်း

**မအူပင် ဒီဇင်ဘာ ၁**

မအူပင်မြို့နယ် အခွန်ဦးစီးဌာနက ကျင်းပသည့် အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်း အခွန်ဦးစီးဌာနမှူး ဦးဉာဏ်မြင့်က အခွန်ကောက်ခံရခြင်း ရည်ရွယ်ချက်များနှင့် အခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ဝဲပုံ)**



**ဆွေးနွေး**

ဆက်လက်၍ မအူပင်ခရိုင် အခွန်ဦးစီးဌာနမှူး ဦးညီညီထင်ပေါ်က ပြည်တွင်း အခွန်ဦးစီးဌာနမှ ကောက်ခံလျက်ရှိသော အခွန်ဆိုင်ရာ သိကောင်းစရာများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

**ဖြန့်ဝေ**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက သိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဘိုထွန်း၊ မအူပင်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပြီး အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

(၄၂၁)

## မြင်းခြံတွင် ပန်းအလှပင်များပြုစု

**မြင်းခြံ နိုဝင်ဘာ ၃၀**

မြင်းခြံမြို့ သာယာလှပရေးလုပ်ငန်းများတွင် အသုံးပြုရန် ပန်းအလှပင်များကို စဉ်ဆက်မပြတ် ပြုစုပျိုးထောင်လျက်ရှိရာ နိုဝင်ဘာ ၁၆ ရက်က ခရိုင်ပျိုးဥယျာဉ်တွင် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်၊ အင်ဂျင်နီယာမှူး ဦးစိုးနိုင်၊ ဦးစီးအရာရှိ ဦးတင့်ဝေ၊ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်သူသူအေးနှင့် ဝန်ထမ်းများသည် စက္ကူပန်း၊ နွယ်သာကီ၊ စိန်တံချူ၊ စိန်ပန်းနီ၊ စိန်မျက်ခုံး၊ မောနင်းဖလားဝါး၊ ကွန်မန်ဒိုကျား၊ မြေကပ်ရွက်လှအနီနှင့် အစိမ်း၊ အညိုရောင်ရွက်လှ ပင်များ ပြုစုပျိုးထောင်ခြင်းဆောင်ရွက်ခဲ့ရာ ပျိုးပင်ပေါင်း ၁၉၀၅၀၀ခန့် ပျိုးထောင် ပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးများ ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာအသီးသီး၌ကျင်းပ




ရန်ကုန် ဒီဇင်ဘာ ၁၂

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးမစတင်မီ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အစုအဖွဲ့အလိုက် အစည်းအဝေးတက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

## မိုးလေဝသ အခြေအနေ

(၁၃-၁၂-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီး တစ်ဝိုက်တွင် တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် သာယာမည်။

# တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၀၂၂ သန်း ထုတ်လုပ်နိုင်မည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲခြင်း အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဒီဇင်ဘာ ၁၂

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်သန်းထွဋ်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်အတွင်း ရွှေလီမြစ်ပေါ်တွင် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနနှင့် Yunan United Power Development Co., Ltd. တို့ ပူးပေါင်းတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ် စီမံကိန်းသို့ရောက်ရှိပြီး ရွှေလီရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲခြင်း အခမ်းအနားသို့ တက်ရောက်သည်။

**ရှင်းလင်း**

ရှေးဦးစွာ ရွှေလီခန်းမ၌ YUPD ကုမ္ပဏီမှ သုံးဖက်မြင်လှုပ်ရှားမှု ဆလိုက်ပုံများဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများကို ရှင်းလင်းပြသည်။





ရွှေလီရေအားလျှပ်စစ်စီမံကိန်း မြစ်ရေလွှဲခြင်းအခမ်းအနားတွင် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် အမှာစကားပြောကြားစဉ်။ (အမှတ် – ၁ လျှပ်စစ်)

ထို့နောက် ရွှေလီခန်းမရှေ့ ကွင်းပြင်၌ အခမ်းအနားကို ဆက်လက် ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်း ထွဋ်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် YUPD ဥက္ကဋ္ဌ Mr. Huang Guangming တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွှေလီမြစ် ရေလွှဲရန် စီစဉ်ထားသော နေရာသို့ သွားရောက်ကြပြီး မြစ်ရေလွှဲခြင်း

စာမျက်နှာ ၁၄ ကော်လံ ၁ ✻

# ပြင်ဦးလွင် အမျိုးသားကန်တော်ကြီးဥယျာဉ် စိန်ရတုပွဲတော် အထူးခြားဆုံး ဂီတဖျော်ဖြေတင်ဆက်မှုများ စီစဉ်ထား

သတင်းဆောင်းပါး – မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း – သိန်းဝင်းလေး(မြန်မာ့အလင်း)

ရန်ကုန် ဒီဇင်ဘာ ၁၂

မန္တလေးတိုင်း ပြင်ဦးလွင်အမျိုးသားကန်တော်ကြီးဥယျာဉ်သည် သဘာဝအလျောက် တစ်နှစ်တာလုံး ဖူးပွင့်နေသော ပန်းအလှများနှင့် ရှားပါးပရဆေးပင်များ ရှင်သန်ပေါက်ရောက်ရာဒေသဖြစ်၍ ပြည်တွင်း၊ ပြည်ပ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်တစား လာရောက်လေ့လာရာ ဒေသတစ်ခုဖြစ်သည်။

**သဘာဝအလှတရားများ**

သဘာဝပန်းပေါင်းစုံရှုခင်းနှင့် ရှားပါးကျေးငှက်သာရကာများ ကလည်း အမျိုးသားကန်တော်ကြီးဥယျာဉ်၏ သဘာဝအလှတရားများကို ခြယ်မှုန်းဖော်ကျူးထားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ■



**အမျိုးသား ကန်တော်ကြီး ဥယျာဉ် စတင်တည်ထောင်သည့် ဆိုင်းဘုတ်နှင့်အတူ အဝင်မုခ်ဦး တစ်ခုကို ဤသို့တွေ့ရသည်။**
ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)